# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြ အဖြေများ



### အုပ်စု(၅).အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း

📖၃။အဋ္ဌက.နဝက.ဒသက.ကောဒသကနိပါတ📖

ဗဟန်း,မဟာဝိသုဒ္ဓါရုံ

✍အရှင်သီလဝံသာလင်္ကာရ(ရေစကြို)✍

ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

## အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသကနိပါတ

## ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၂၀. ၆. ၂၀၁၃) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••

၁။ လူချစ်လူခင်လည်း ပေါစေတတ်, မင်္ဂဖိုလ်တရားကိုလည်း ရစေတတ်သော တရားတို့တွင် သုံးပါးမြောက်တရားကို ဖော်ပြ၍၊ သတ္တဝါတွေနောက်သို့ အမြဲလိုက်ပါနေသော တရား, သတ္တဝါတို့က အမြဲလိုက်နေရသော တရားများကိုလည်း ဖော်ပြခဲ့ပါ။

၂။ "လူမျိုးဘာသာအရေး တို့အရေး"ဟု အများသူငါ ဆန္ဒပြကြရာ ဘာသာခြားသီဟစစ်သူကြီးအား လူမျိုးရေးနှင့် ပတ်သက်၍ မြတ်ဗုဒ္ဓ မိန့်ကြားတော်မူသော စကားကို ဥပမာနှင့်တကွ ဖြေဆို၍၊ အရက်သောက်ခြင်း၏ ကြီးလေးသော အပြစ်နှင့် အပေါ့ဆုံးအပြစ်ကိုလည်း အများသတိထားဖွယ် ဖြစ်အောင် ဖြေဆိုခဲ့ပါ။

၃။ မိမိသူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို စွမ်းစွမ်းတမံ ဆောင်ရွက်လိုပါက ပြည့်စုံထားရမည့် တရား ၅-ပါးကို ဖြေဆို၍၊ သမဏသုတ္တန်ဒေသနာအရ ဘုရားရှင်၏ အမည်တော် ၈-ပါးကိုလည်း ကြည်ညိုဖွယ် ဖြစ်အောင် ထင်ရှားရုံမျှ ဖြေဆိုခဲ့ပါ။

၄။ လောကအလယ် ဂုဏ်ယူဖွယ်ဖြစ်အောင် လူသားတိုင်းပြည့်စုံစေရမည့် စွမ်းရည်သတ္တိတို့ကို ဖော်ပြ၍၊ ၄-ခုမြောက် စွမ်းရည်သတ္တိဖြစ်ပုံကိုရေးပြီး၊ ယင်းစွမ်းရည်သတ္တိတို့နှင့် ပြည့်စုံခြင်းအကျိုးတို့ကိုလည်း ရေးခဲ့ပါ။

၅။ ဘာဝနာအလုပ်တွေ လုပ်နေရတာ စိတ်မဝင်စားပါဘူးဟု အချို့ပြောဆိုနေကြရာ ယင်းဘာဝနာအလုပ်အားထုတ်ဖို့ စိတ်မဝင်စားသူတို့တွင် နောက်ဆုံးပုဂ္ဂိုလ်ကို ဖော်ပြ၍၊ ထိုဖြစ်ရပ်မျိုးကိုပယ်ရန် ပွားများရမည့်တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ဂုဏ်ပေါင်းစုံလတ် ယောက်ျားမြတ် ဖြစ်ဖို့အတွက် မဖြစ်မနေ ပြည့်စုံရမည့် အင်္ဂါဆယ်ချက် စကားရပ်တို့ကိုလည်း အင်္ဂုတ္တရနိကာယ်လေ့လာထားသူများ ပီပီ ဒသကနိပါတ် နာထဝဂ်မှ ထုတ်နုတ်တင်ပြခဲ့ပါ။

၇။ နှစ်၊ လေး၊ ခြောက် ဟူသည် အဘယ်နည်း ပထမနည်းအတိုင်း ဖြေဆို၍၊ ဘုရားကျောင်းသို့ သွားသူများ လိုက်နာရမည့် စည်းကမ်းချက်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ အောက်ပါ အကြောင်းတို့ကို ဣဋ္ဌဓမ္မသုတ်နှင့်အညီ ဖြေဆိုခဲ့ပါ။

(က) အနာကင်းခြင်း၊ ကျန်းမာခြင်း။

(ခ) သီလရှိခြင်း။

(ဂ) မိတ်ဆွေပေါများခြင်း။

(ဃ) အကြားအမြင်များခြင်း။

(င) နတ်ပြည်ရောက်ခြင်း။

၉။ ဘာသာခြား ဗြာဟ္မဏတို့၏ မကောင်းမှုမျှောပွဲတော်ကျင်းပပုံကို လိုရင်းချုံ့တင်ပြ၍၊ မြတ်ဗုဒ္ဓသာသနာတော်နှင့် ဘာသာခြားတို့၏ မကောင်းမှုမျှောပွဲတော်ကိုလည်း နှိုင်းယှဉ်သုံးသပ်ပြခဲ့ပါ။

၁၀။ အဋ္ဌကနဂရသုတ္တန်ဒေသနာတော်၌ နိဗ္ဗာန်ရောက်ကြောင်းတရားကို

(က) ဟောရာအရပ်၊

(ခ) ဟောသောပုဂ္ဂိုလ်၊

(ဂ) နာကြားသူတို့ကို ဖော်ပြ၍၊ အင်္ဂုတ္တရနိကာယ်ပါဠိတော်၌ သုတ်ပေါင်းမည်မျှရှိပါသနည်း? သချာမျှ

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
အုပ်စု (၅) အင်္ဂုတ္တရနိကာယ
အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသကနိပါတ
ပါဠိတော် မြန်မာပြန် အဖြေမှန်

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်၊ (၂၀. ၆. ၂၀၁၃) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ **သုံးပါးမြောက်တရားကား**

ကိုယ်ဖြင့် (အပေါင်းဖော်မှ) ကင်းဝေးမှု၊ စိတ်ဖြင့် (ကိလေသာမှ) ကင်းဝေးမှုဟူသော နှစ်ပါးစုံသော ကင်းဝေးမှုနှင့် ပြည့်စုံစေခြင်းဖြစ်ပါသည်။ **(ပါဠိတော်၊မြန်၊တ-၅)**

**တရားများကား-**

လာဘ်ရမှု, လာဘ်မရမှု, အခြံအရံရှိမှု, အခြံအရံမရှိမှု, ကဲ့ရဲ့မှု, ချီးမွမ်းမှု, ချမ်းသာမှု, ဆင်းရဲမှုတို့ ဖြစ်ပါသည်။ **(ပါဠိတော်၊မြန်၊တ-၇)**

၂။ **စကားကိုဥပမာနှင့်တကွကား-**

သီဟ ရှည်စွာသော နေ့ညဥ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ်ဖြစ်ခဲ့သောကြောင့် (ဥပမာ) ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လေလော့- ဟု မိန့်ပါသည်။ **(ပါဠိတော်၊မြန်၊တ-၃၁)**

**ကြီးလေးသောအပြစ်ကား-**

ငရဲ၌, တိရစ္ဆာန်မျိုး၌, ပြိတ္တာဘုံ၌ဖြစ်စေတတ်ခြင်း ဖြစ်ပါသည်။

**အပေါ့ဆုံးအပြစ်ကား-**

လူဖြစ်သောသူအား ရူးသွပ်ခြင်းကို ဖြစ်စေတတ်ခြင်း ဖြစ်ပါသည်။ **(ပါဠိတော်၊မြန်၊တ-၈၀)**

၃။ **တရား ၅-ပါးကား**

(၁) ကြားနာအပ်ပြီးသော တရားကို ဆောင်ထားတတ်သော သဘောရှိခြင်း၊ (၂) ဆောင်ထားပြီးသော တရားတို့၏ အနက်ကိုလည်း စုံစမ်းဆင်ခြင်နိုင်ခြင်း၊ (၃) အနက်ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကိုလည်း ကျင့်ခြင်း၊ (၄) ကောင်းသောစကား, ကောင်းသောစကားသံ, သန့်ရှင်းအပြစ်ကင်းသော အဓိပ္ပာယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံခြင်း၊ (၅) သီတင်းသုံးဖော်တို့အား တရားစကားဖြင့် သိမြင်စေလျက် ဆောက်တည်စေကာ ထက်သန်ရွှင်လန်းစေနိုင်ခြင်းတို့ ဖြစ်ပါသည်။ **(ပါဠိတော်၊မြန်၊တ-၁၁၉)**

**အမည်တော် ၈-ပါးကား-**

(၁) ငြိမ်းအေးသူ၊ (၂) မကောင်းမှုမျှောပြီးသူ၊ (၃) အသိဉာဏ်သို့ရောက်သူ၊ (၄) သမားတော်၊ (၅) အညစ်အကြေးမရှိသူ၊ (၆) အညစ်အကြေးကင်းသူ၊ (၇) ဉာဏ်ရှိသူ၊ (၈) လွတ်မြောက်သူ တို့ဖြစ်ပါသည်။ **(ပါဠိတော်၊မြန်၊တ-၁၅၆)**

၄။ **စွမ်းရည်သတ္တိတို့ကား-**

(၁) အသိအလိမ္မာ (ပညာ) ဗိုလ်၊

(၂) အားထုတ်မှု (ဝီရိယ) ဗိုလ်၊ (၃) အပြစ်ကင်းမှု (အနဝဇ္ဇ) ဗိုလ်၊

(၄) ချီးမြှောက်မှု (သင်္ဂဟ) ဗိုလ်- တို့ဖြစ်ပါသည်။

၄-ခုမြောက်ကား-
သင်္ဂဟဗိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ချီးမြှောက်ကြောင်း သင်္ဂဟဝတ္ထုတို့ကား ပေးလှူမှု (ဒါန)၊ ချစ်ဖွယ် ပြောဆိုမှု (ပေယျဝဇ္ဇ)၊ အကျိုးစီးပွားပြုမှု (အတ္ထစရိယာ)၊ ကိုယ်တူထားမှု (သမာနတ္တတာ) တို့ ဖြစ်ပါသည်။

ပြည့်စုံခြင်းအကျိုးတို့ကား-
(ရဟန်းတို့ ဤဗိုလ် ၄-ပါးနှင့် ပြည့်စုံသော အရိယာတပည့်သည် ဘေးငါးမျိုးတို့ကို လွန်မြောက်သူ ဖြစ်၏၊ အဘယ် ၅-မျိုးတို့နည်း ဟူမူ) (၁) အသက်မွေးမှုဘေး၊ (၂) ကျော်စောမဲ့ဘေး၊ (၃) ပရိသတ်ကြောက်ရွံ့မှုဘေး၊ (၄) သေဘေး၊ (၅) မကောင်းရာသို့ လားရောက်မှု ဒုဂ္ဂတိဘေးတို့ကို လွန်မြောက်နိုင်ပါသည်။

(ပါဠိတော်၊ မြန်၊တ၊၁၇၅-၆)

၅။ နောက်ဆုံးပုဂ္ဂိုလ်ကား-
ငါသည် ဤသီလဖြင့်လည်းကောင်း, ဤကျင့်ဝတ်ဖြင့်လည်းကောင်း, ဤခြိုးခြံမှုဖြင့်လည်းကောင်း, ဤမြတ်သော အကျင့်ဖြင့် လည်းကောင်း, နတ်မင်းမူလည်း ဖြစ်ရလို၏၊ နတ်သားမူလည်းဖြစ်ရလို၏ဟု တပါးပါးသော နတ်အဖြစ်ကို တောင့်တ၍ မြတ်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ပွားများရမည့်တရားကား-
သတိပဋ္ဌာန် ၄-ပါးတို့ကို ပွားများရပါမည်။ (ပါဠိတော်၊မြန်၊တ-၂၅၃)

၆။ အင်္ဂါ ၁၀-ချက်ကား
(၁) ကာမဂုဏ်လိုချင်မှု (ကာမစ္ဆန္ဒ)၊ (၂) ပျက်စီးစေလိုမှု (ဗျာပါဒ)၊ (၃) ထိုင်းမှိုင်းမှု (ထိနမိဒ္ဓ)၊ (၄) ပျံ့နှံ့မှု နောင်တတတဖန် ပူပန်မှု (ဥဒ္ဓစ္စကုက္ကုစ္စ)၊ (၅) ယုံမှားမှု (ဝိစိကိစ္ဆာ) တို့ကို ပယ်ရခြင်း။
ရဟန္တာတို့၏ဥစ္စာဖြစ်သော (၁) သီလအစု၊ (၂) သမာဓိအစု၊ (၃) ပညာအစု၊ (၄) လွတ်မြောက်မှုအစု (အရဟတ္တဖိုလ်)၊ (၅) လွတ်မြောက်မှုကိုသိမှုအစု (ပစ္စဝေက္ခဏာဉာဏ်)တို့နှင့် ပြည့်စုံရခြင်းဖြစ်ပါသည်။
(ပါဠိတော်၊မြန်၊တ၊၂၇၀)

၇။ နှစ်ကား- ရုပ်နာမ်။
လေးကား- အာဟာရ ၄-ပါး။
ခြောက်ကား- အတွင်း 'အဇ္ဈတ္တိက'အာယတန ၆-ပါးတို့ဖြစ်ပါသည်။
စည်းကမ်းကား
တံခါးပိတ်ထားသော ဤကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကို ခေါက်ရခြင်းဖြစ်ပါသည်။ (ပါဠိတော်၊မြန်၊တ၊၂၉၆-၇၊၃၀၇)

၈။ (က) သင့်လျော်သည်ကို ပြုမှု၊
(ခ) မိတ်ဆွေကောင်းရှိမှု၊
(ဂ) မချွတ်ယွင်းစေမှု၊
(ဃ) သရဏ္ဍာယ်မှုကို ပြုခြင်း၊
(င) အမှန်ကျင့်မှု တို့ဖြစ်ပါသည်။ (ပါဠိတော်၊မြန်၊တ၊၃၆၂)

၉။ ကျင်းပပုံကား
ပုဏ္ဏားတို့သည် ဤဥပုသ်နေ့၌ ခေါင်းလျှော်ရေချိုးပြီး၍ အသစ်ဖြစ်သော ခေါမမည်သော အဝတ်စုံကို ဝတ်ကာ စိုသော နွားချေးဖြင့် မြေကိုသုတ်လိမ်း၍ စိမ်းစိုသော သမန်းမြက်တို့ကို ဖြန့်ခင်းလျက် သဲပုံနှင့် မီးတင်းကုပ်အကြား၌ အိပ်ခြင်းကို ပြုကြကုန်၏။ ထိုပုဏ္ဏားတို့သည် ထိုညဉ့်၌ သုံးကြိမ်ထ၍ လက်အုပ်ချီကာ "အရှင့်ထံသို့ (မကောင်းမှုကို) နှင်ထုတ်ပါကုန်၏"ဟု ဆို၍ မီးကို ရှိခိုးကုန်၏။ များစွာသော ထောပတ်ဆီ ဆီဦးဖြင့်လည်း မီးစာကျွေးကုန်၏၊ ထိုညဉ့် လွန်မြောက်သောအခါ၌လည်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ပုဏ္ဏားတို့ကို ရောင့်ရဲစေကုန်၏ ဤသို့ကျင်းပပါသည်။

**နှိုင်းယှဉ်သုံးသပ်ပုံကား-**

ပုထုဇဉ်တို့၏ မကောင်းမှုကို နှင်ထုတ်ခြင်းသည် ဤအရိယာ၏ ဝိနည်း၌ မကောင်းမှုကို နှင်ထုတ်ခြင်း၏ တစ်ဆယ့်ခြောက်စိတ် တစိတ်မျှ မမှီပါ။ **(ပါဠိတော်၊မြန်၊တ-၄၃၉၊၄၄၁)**

၁၀။ (က) ဝေသာလီပြည် ဗေဠုဝရွာငယ်။

(ခ) အရှင်အာနန္ဒာမထေရ်။

(ဂ) အဋ္ဌကမြို့သား ဒသမသူကြွယ်။

**သုတ်ပေါင်းသချ်ာကား-**

၉၅၅၇- သုတ်ဖြစ်ပါသည်။ **(ပါဠိတော်၊မြန်၊တ၊၅၂၉၊၅၃၀)**

**(မှတ်ချက်)** သုတ်ပေါင်းသင်္ချာကား- ပါဠိတော်နှာ-တတွဲ၊၅၅၈-၌ပါ။ ပါဠိတော်မြန်မာပြန်၌ကား မပါ။

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**
**အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသကနိပါတ**
**ပါဠိတော် မြန်မာပြန် အဖြေမှန်**
၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၃) ရက်၊ (၃၀. ၅. ၂၀၁၄) စနေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

---

၁။ သီဟ ဖူးစမ်းဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသော သူတို့အား ဖူးစမ်း ဆင်ခြင်၍ ပြုခြင်းသည် ကောင်း၏ဟု (မိန့်တော်မူ၏)။ (၃-မှတ်)(မြန်၊နှာ-၃၀။)

သီဟ ရှည်စွာသော နေ့ညဥ့်ပတ်လုံး သင်၏ အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ်ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လေလော့ဟု (မိန့်တော်မူ၏)။

(၃-မှတ်)(မြန်၊နှာ-၃၁။)

ရဟန်းတို့ မြတ်သော အကျင့်ကို ကျင့်သုံးရန် အခွင့်အခါသည်ကား တစ်ခုတည်းသာလျှင်တည်း၊ တစ်ခုတည်းသော အခွင့်အခါဟူသည် အဘယ်နည်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော၊ လောကကို သိတော်မူသော၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော၊ သစ္စာလေးပါးတရားကို သိမြင်တော်မူသော၊ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ကိလေသာမီး ငြိမ်းခြင်းကို ရွက်ဆောင်တတ်သော၊ ကိလေသာငြိမ်းခြင်းကို ပြုတတ်သော၊ လေးပါးသော မဂ်ဉာဏ်သို့ ရောက်စေတတ်သော၊ မြတ်စွာဘုရားတို့သာ အပြားအားဖြင့် သိစေအပ်သော (သစ္စာလေးပါး) တရားကိုလည်း ဟောကြားတော်မူအပ်၏၊ ဤပုဂ္ဂိုလ်သည်လည်း မဇ္ဈိမဒေသတို့၌ ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ပညာရှိ၏၊ မမိုက်မဲ၊ မဆွံ့အ၊ ကောင်းသော စကား, မကောင်းသောစကား၏ အနက်ကို သိရန် စွမ်းနိုင်၏။ ရဟန်းတို့ ဤသည်ကား မြတ်သော အကျင့်ကို ကျင့်သုံးရန် တစ်ခုတည်းသာလျှင် ဖြစ်သော အခွင့်အခါတည်းဟု (မိန့်တော်မူ၏)။ (၄-မှတ်)(မြန်၊နှာ-၆၂။)

၂။ ဆုတောင်းတိုင်း တောင်းဆုများ မပြည့်နိုင်ပါ။ (၁-မှတ်)

တောင်းဆုပြည့်နိုင်သူကား - သီလရှိသူ၊ (ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်အားဖြင့်) ကင်းသော ရာဂရှိသူ၊

(၂-မှတ်)(မြန်၊နှာ-၇၂-၇၄။)

မပြည့်နိုင်သူကား - သီလမရှိသူ၊ ရာဂနှင့်တကွ ဖြစ်သူ၊ (၂-မှတ်)(မြန်၊နှာ-၇၂-၇၄။)

တောင်းဆုပြည့်စုံရခြင်းအကြောင်း -

ရဟန်းတို့ သီလရှိသော သူအား စင်ကြယ်သောကြောင့် စိတ်၏ တောင့်တမှုသည် ပြည့်စုံ၏။

ရဟန်းတို့ သီလရှိသော ပုဂ္ဂိုလ်အား ကာမရာဂကင်းသော ကြောင့် စိတ်၏ တောင့်တမှုသည် ပြည့်စုံ၏။

(၃-မှတ်)(မြန်၊နှာ-၇၂-၇၄။)

**နတ်သမီးများအား အနိုင်ယူလိုက်ပုံ**

အရှင်အနုရုဒ္ဓါသည် စက္ခုစသော ဣန္ဒြေတို့ကို အောက်သို့ ချ၍ အနိုင်ယူလိုက်ပါသည်။

(၂-မှတ်)(မြန်၊နှာ-၉၁။)

၃။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ရှစ်မျိုးတို့နည်းဟူမူ-အမှုသစ်၌ မမွေ့လျော်မှု၊ စကားပြောခြင်း၌ မမွေ့လျော်မှု၊ အိပ်ခြင်း၌ မမွေ့လျော်မှု၊ အပေါင်းအဖော်၌ မမွေ့လျော်မှု၊ ဣန္ဒြေတို့၌စောင့်စည်းအပ်သော တံခါးရှိမှု၊ စားဖွယ်၌ အတိုင်းအရှည်သိမှု၊ နှီးနှောခြင်း၌ မမွေ့လျော်မှု၊ သံသရာကို ချဲ့ထွင်တတ်သော 'ပပဉ္စ' တရား၌ မမွေ့လျော်မှုတို့တည်း။ ရဟန်းတို့ ဤတရားရှစ်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ် ယုတ်ခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

(၅-မှတ်)(မြန်၊နှာ-၁၄၉။)

ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်ကိုးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်ကိုးမျိုးတို့နည်းဟူမူ- ရဟန္တာ၊ ရဟန္တာဖြစ်ရန် ကျင့်သူ၊ အနာဂါမ်၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူ၊ သကဒါဂါမ်၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူ၊ သောတာပန်၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူ၊ ပုထုဇဉ်တို့တည်း။ ရဟန်းတို့ ဤပုဂ္ဂိုလ်ကိုးမျိုးတို့သည် လောက၌ ထင်ရှားရှိကုန်၏ဟု (မိန့်တော်မူ၏)။

(၅-မှတ်)(မြန်၊နှာ-၁၈၁။)

၄။ ရဟန်းတို့ အာကာသာနဉ္စာယတနစျာန်ကို လုံး၀လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား သတ္တမ သတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ ဝိညာဏဉ္စာယတနစျာန်ကို လုံး၀လွန်မြောက်၍ "တစ်စုံတစ်ခုမျှ မရှိ"ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား အဋ္ဌမသတ္တဝါတို့၏ နေရာတည်း။

ရဟန်းတို့ အာကိဉ္စညာယတနစျာန်ကို လုံး၀လွန်မြောက်၍ နေ၀သညာနာသညာယတနဘုံသို့ ရောက်သော သတ္တဝါတို့သည် ရှိကုန်၏။ ဤကား န၀မသတ္တဝါတို့၏ နေရာတည်း။ (၅-မှတ်)(မြန်၊နှာ-၂၀၂။)

**ပူရဏကဿပနှင့် နိဂဏ္ဌနာဋပုတ္တတို့ ပြောဆိုပုံ**

"အဆုံးမရှိသော ဉာဏ်ဖြင့် အဆုံးမရှိသော လောကကို ငါသည် သိလျက် မြင်လျက် နေ၏"ဟု ဤသို့ ဆို၏။

(၅-မှတ်)(မြန်၊နှာ-၂၂၆။)

၅။ အာနန္ဒာ ထိုငါ့အား "ငါသည် ကာမဂုဏ်တို့၌ အပြစ်ကို မမြင်၊ ထိုအပြစ်ကိုလည်း မလေ့လာ၊ ထွက်မြောက်မှု 'နေက္ခမ္မ' ၌လည်း အကျိုးကို မသိ၊ ငါသည် ထိုအကျိုးကိုလည်း မမှီဝဲစဖူး၊ ထို့ကြောင့် "ထိုတရား သည် ငြိမ်သက်၏'ဟု ရှုသော ငါ၏ စိတ်သည် ထွက်မြောက်မှု 'နေက္ခမ္မ' ၌ မပြေး၀င် မကြည်လင် ကောင်းစွာ မတည် လွတ်လွတ်မသက်၀င်"ဟု အကြံဖြစ်၏။ (၅-မှတ်)(မြန်၊နှာ-၂၃၄။)

**စိတ်၏စူးငြောင့်ခလုတ် ၅-မျိုး**

(၁) ဘုရား၌ ယုံမှားခြင်း

(၂) တရားတော်၌ ယုံမှားခြင်း

(၃) သံဃာတော်၌ ယုံမှားခြင်း

(၄) အကျင့်သိက္ခာ၌ ယုံမှားခြင်း

(၅) သတင်းသုံးဖော်တို့၌ အမျက်ထွက်ခြင်း (၅-မှတ်)(မြန်၊နှာ-၂၅၂။)

၆။ (က) အပ္ပမာဒတရား

(ခ) မြတ်စွာဘုရား

(ဂ) အကျော်

(ဃ) စန္ဒကူးနီ

(င) မြက်လေးပန်း (၅-မှတ်)(မြန်၊နှာ-၂၇၄။)

အဝိပ္ပဋိသာရသည် ပါမောဇ္ဇအကျိုးအာနိသင်ရှိပါသည်။

ပါမောဇ္ဇသည် ပီတိအကျိုးအာနိသင် ရှိပါသည်။

ပဿဒ္ဓိသည် သုခအကျိုးအာနိသင်ရှိပါသည်။

သမာဓိသည် ရထာဘူတဉာဏဒဿနအကျိုးအာနိသင်ရှိပါသည်။

နိဗ္ဗိဒါဝိရာဂသည် ဝိမုတ္တိဉာဏဒဿနအကျိုးအာနိသင်ရှိပါသည်။ (၅-မှတ်)(မြန်၊နှာ-၂၅၈။)

၇။ ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် အစောင့်အရှောက်တစ်ခု ရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သတိတည်းဟူသော အစောင့်အရှောက်ရှိသော စိတ်နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အစောင့်အရှောက်တစ်ခု ရှိ၏။ (၅-မှတ်)(မြန်၊နှာ-၂၈၂။)

အသျှင်ဘုရား ညီညွတ်သော သံဃာကို သင်းခွဲသည်ရှိသော် ထိုရဟန်းသည် အဘယ်အရာကို ပွါးစီးစေပါသနည်းဟု (လျှောက်၏ )။ အာနန္ဒာ အာယုကပ်ပတ်လုံးတည်အောင် ကြမ်းကြုတ်မှု (အကုသိုလ်) ကို ပွါးစီးစေ၏ဟု (မိန့်တော်မူ၏ )။ အသျှင်ဘုရား အာယုကပ်ပတ်လုံး တည်သော ကြမ်းကြုတ်မှုဟူသည် အဘယ်ပါနည်းဟု (လျှောက်၏ )။ အာနန္ဒာ အာယုကပ်ပတ်လုံး (အဝီစိ)ငရဲ၌ ကျက်ရ၏ဟု (မိန့်တော်မူ၏)။

(၅-မှတ်)(မြန်၊နှာ-၃၁၅။)

**၈။ ကောကာလိကရဟန်း၏ စွပ်စွဲချက်**

"အသျှင်ဘုရား သာရိပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကြပါသည်၊ အလိုဆိုးတို့၏ အလိုသို့ လိုက်ကြပါသည်"ဟု ဤစကားကို လျှောက်၏။

"အသျှင်ဘုရား မြတ်စွာဘုရားသည်ကား အကျွန်ုပ်၏ ယုံကြည်ထိုက်သူ၊ စိတ်ချထိုက်သူ ဖြစ်ပါ၏၊ သို့သော်လည်း သာရိပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကြပါသည်၊ အလိုဆိုးတို့၏ အလိုသို့ လိုက်ကြပါသည်"ဟု ဤစကားကို လျှောက်၏။ (၂+၂-မှတ်)(မြန်၊နှာ-၃၈၇-၈။)

**ဘုရားရှင်ဖြေရှင်းချက်**

ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့၊ သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏ဟု (မိန့်တော်မူ၏)။

(၂-မှတ်)(မြန်၊နှာ-၃၈၈။)

**အညတ္ထိယတို့ နေထိုင်ပြောဆိုကြပုံ**

သာသနာတော်မှ တစ်ပါးသော အယူရှိကြသည့် ပရိဗိုဇ်တို့သည် အညီ အညွတ် ပေါင်းဆုံလာရောက်ကြကုန်ပြီးလျှင် ပြင်းပြကျယ်လောင်သော အသံရှိကုန်၍ ပွဲတင်ထပ်စေလျက်များစွာသော (မဂ်ဖိုလ်မှ) ဖီလာဖြစ်သောစကားကို ပြောဆိုကာ ထိုင်နေကုန်၏။ (၄-မှတ်)(မြန်၊နှာ-၃၉၉။)

## ၉။ လောကဝမ်းနုတ်ဆေး အကျိုးအာနိသင်

လောကဝမ်းနုတ်ဆေးသည် သည်းခြေကြောင့်ဖြစ်သော အနာတို့ကို ပျောက်စေခြင်းငှါလည်းကောင်း၊ သလိပ်ကြောင့်ဖြစ်သော အနာတို့ကို ပျောက်စေခြင်းငှါလည်းကောင်း၊ လေကြောင့် ဖြစ်သော အနာတို့ကို ပျောက်စေခြင်းငှါလည်းကောင်း ဝမ်းနုတ်ဆေးကို ပေးကုန်၏။ (၅-မှတ်)(မြန်၊နှာ-၄၂၅။)

## ဓမ္မဝမ်းနုတ်ဆေး အကျိုးအာနိသင်

ယင်းဝမ်းနုတ်ဆေးကို စွဲ၍ ပဋိသန္ဓေနေခြင်းသဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏၊ အိုခြင်းသဘောရှိသော သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏၊ သေခြင်းသဘောရှိသော သတ္တဝါတို့သည် သေခြင်းမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းသဘောရှိသော သတ္တဝါတို့သည် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ လွတ်မြောက်ကုန်၏။ (၅-မှတ်)(မြန်၊နှာ-၄၂၆။)

## ၁၀။ မိန်းမများ ငရဲကျကြောင်း

ရုန့်ရင်းကြမ်းတမ်းသော စကားရှိ၏။ ပြိန်ဖျင်းသော စကားရှိ၏။ အဘိဇ္ဈာများ၏။ ပျက်စီးစေလိုသော စိတ်ရှိ၏။ မှားယွင်းသောအမြင် ရှိ၏။ (၅-မှတ်)(မြန်၊နှာ-၄၈၃။)

## မေတ္တာအကျိုး

ချမ်းသာစွာ အိပ်ရ၏။ ချမ်းသာစွာ နိုးရ၏။ အိပ်မက်ဆိုးကို မမြင်မက်။ လူတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏။ နတ်,သားရဲ,ဘီလူးတို့၏ ချစ်မြတ်နိုးခြင်းကို ခံရ၏။ (၅-မှတ်)(မြန်၊နှာ-၅၂၉။)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**
**အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသကနိပါတ**
**ပါဠိတော် မြန်မာပြန် အဖြေ**
၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၂၄. ၆. ၂၀၁၅) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ 'ရဟန်းတို့ ဤပုဂ္ဂိုလ်ကို သာသနာတော်မှ နှင်ထုတ်ကြ'ဟု ဘုရားရှင်ပြစ်တင်ကဲ့ရဲ့ခံရသော ရဟန်း မျိုးကို ဖော်ပြ၍၊ သီဟစစ်သူကြီး နှစ်ကြိမ်မြောက် ရတနာသုံးပါး ဆည်းကပ်ကြောင်း လျှောက်ထားမှု၏ အကြောင်းတရားနှင့် အညစ်အကြေးတို့တွင် လွန်ကဲသော အညစ်အကြေးကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ ပြစ်တင်ကဲ့ရဲ့ခံရသောရဟန်းမျိုး -** [ ရဟန်းတပါးကို ရဟန်းတို့က အာပတ်ဖြင့် စွပ်စွဲကုန်၏၊ စွပ်စွဲခံရသော ထိုရဟန်းသည် ]

၁၊ အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်း၏။ ၂၊ အပြင်အပစကားကို ထည့်သွင်း၏။ ၃၊ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ စိတ်ဆိုးခြင်းကိုလည်းကောင်း မနှစ်သက်ခြင်း ကိုလည်းကောင်း ထင်စွာပြု၏။ ထိုရဟန်းမျိုးဖြစ်ပါသည်။(ပိုဒ်၁၀။ မြန်မာပြန် နှာ၁၇) ၃-မှတ်

**အကြောင်းတရား -** ဘုရားရှင်၏ ဝါဒရှစ်ပါးတရားတော်ကိုနာကြားရသည့် သီဟစစ်သူကြီးသည် ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်သူအဖြစ် သိမှတ်တော်မူပါရန် လျှောက်ထားရာ 'သီဟ စူးစမ်းဆင်ခြင်၍ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသောသူတို့အား စူစမ်းဆင်ခြင်၍ ပြုမူသည် ကောင်း၏'ဟု မိန့်တော်မူသောကြောင့်-

[ အယူတပါးရှိသည့် တိတ္ထိတို့သည် အကျွန်ုပ်ကဲ့သို့သော တပည့်ကိုရခဲ့သော် 'သီဟစစ်သူကြီးသည် ငါတို့၏ တပည့်အဖြစ်သို့ရောက်၏'ဟုနှလုံးသွင်းကာ ဝေသာလီတပြည်လုံးကို တံခွန်အလံ စိုက်ထောင်ကုန်ရာ၏၊ ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည်သည် အကျွန်ုပ်ကို 'သီဟ စူစမ်းဆင်ခြင်၍ ပြုလော့၊ သင်တို့ကဲ့သို့ ထင်ရှားကျော်စောသောသူတို့အား စူးစမ်းဆင်ခြင်၍ ပြုမူသည် ကောင်း၏'မိန့်တော်မူသောကြောင့် -၊ ]
(ပိုဒ်၁၂။ မြန်မာပြန် နှာ၁၃) ၅-မှတ်

**လွန်ကဲသောအညစ်အကြေး** - အဝိဇ္ဇာဖြစ်ပါသည်။ (ပိုဒ်၁၅။ မြန်မာပြန် နှာ၁၃၈) ၂-မှတ်

၂။ ယောက်ျားမြတ်တို့၏ အကြံရှစ်မျိုးကို အနှစ်ချုပ်ကာ ထုတ်ပြ၍၊ မာတုဂါမတို့၏ ရှင် ရဟန်း ပြုခွင့် တောင်းပန်သော အရှင်အာနန္ဒာ၏ ပရိယာယ်လျှောက်ထားပုံနှင့် ဗျဂ္ဃပဇ္ဇအမျိုးသားတို့အား ဟောကြားအပ်သည့် တမလွန်ဘဝ အစီးအပွါးဖြစ် ချမ်းသာစစ် တရားလေးပါးကိုလည်း ဖော်ပြခဲ့ပါ။

**ဖြေ။ ယောကျ်ားမြတ်တို့၏ အကြံရှစ်မျိုး** - လောကုတ္တရာတရားသည် -

၁။ အလိုနည်းသောပုဂ္ဂိုလ်အားသာပြည့်စုံ၏၊ အလိုကြီးသောပုဂ္ဂိုလ်အား မပြည့်စုံ။

၂။ ရောင့်ရဲလွယ်သောပုဂ္ဂိုလ်အားသာပြည့်စုံ၏၊ မရောင့်ရဲသောပုဂ္ဂိုလ်အားမပြည့်စုံ။

၃။ ဆိတ်ငြိမ်မှုရှိသောပုဂ္ဂိုလ်အားသာပြည့်စုံ၏၊ အပေါင်းအဖော်၌မွေ့လျော်သောပုဂ္ဂိုလ်အား မပြည့်စုံ။

၄။ ထက်သန်သောလုံ့လရှိသောပုဂ္ဂိုလ်အားသာပြည့်စုံ၏၊ ပျင်းရိသောပုဂ္ဂိုလ်အား မပြည့်စုံ။

၅။ ထင်သောသတိရှိသောပုဂ္ဂိုလ်အားသာပြည့်စုံ၏၊ သတိလွတ်သောပုဂ္ဂိုလ်အား မပြည့်စုံ။

၆။ တည်ကြည်သောစိတ်ရှိသူအားသာပြည့်စုံ၏၊ တည်ကြည်သောစိတ်မရှိသောပုဂ္ဂိုလ်အား မပြည့်စုံ။

၇။ ပညာရှိသောပုဂ္ဂိုလ်အားသာပြည့်စုံ၏၊ ပညာမဲ့သောပုဂ္ဂိုလ်အား မပြည့်စုံ။

၈။ ပပဉ္စတရားမှကင်းသော နိဗ္ဗာန်၌မွေ့လျော်သော ပပဉ္စတရားမရှိရာ နိဗ္ဗာန်၌ ပျော်ပိုက်သောပုဂ္ဂိုလ် အားသာ ပြည့်စုံ၏၊ ပပဉ္စတရား၌ မွေ့လျော် ပျော်ပိုက်သောပုဂ္ဂိုလ်အား မပြည့်စုံ။

(ပိုဒ်၊၃၀။ မြန်မာပြန် နှာ၊၆၆) ၆-မှတ်

**ပရိယာယ်လျှောက်ထားပုံ** - အရှင်ဘုရား. . . မာတုဂါမသည် မြတ်စွာဘုရား ဟောထားတော် မူသော ဓမ္မဝိနယသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်၌ သောတာပတ္တိဖိုလ်ကိုငှင်း သကဒါဂါမိဖိုလ်ကိုငှင်း အနာဂါမိဖိုလ်ကိုငှင်း အရဟတ္တဖိုလ်ကိုငှင်း မျက်မှောက်ပြုခြင်းငှ ထိုက်တန် ပါ၏လော'ဟု လျှောက်ပါသည်။

(ပိုဒ်၊၅၁။ မြန်မာပြန် နှာ၊၁၀၃) ၂-မှတ်

**တမလွန်ဘဝ ချမ်းသာစေ် တရားလေးပါး** - ၁။ သဒ္ဓါတရား၊ ၂။ အကျင့်သီလ၊ ၃။ စွန့်ကြဲခြင်း၊ ၄။ ပညာနှင့် ပြည့်စုံခြင်းတို့ဖြစ်ပါသည်။ (ပိုဒ်၊၅၄။ မြန်မာပြန် နှာ၊၁၀၉) ၂-မှတ်

၃။ ပြည့်စုံရမည့် သမ္ပဒါတရားများကို ပြဆိုရာ၌ မိတ်ဆွေကောင်းရှိမှု ကလျာဏမိတ္တတာကို အဓိပ္ပါယ်ဖွင့်ဆို၍၊ ပန်းတိုင်မရောက် ကျင့်ဆဲပုဂ္ဂိုလ်တစ်ယောက်၏ ဆုတ်ယုတ်ကြောင်းအချက်များနှင့် ပတ္တနိက္ကုဇ္ဇနခေါ် သပိတ်မှောက်ကံ ဆောင်နိုင်ရန် နောက်ဆုံးအင်္ဂါရပ်သုံးရပ်တို့ကိုသာ ဖော်ပြခဲ့ပါ။

**ဖြေ။ ကလျာဏမိတ္တတာ အဓိပ္ပါယ်** - ဤလောက၌ အမျိုးကောင်းသားသည် အကြင်ရွာ နိဂုံး၌နေ၏၊ ထိုရွာ နိဂုံး၌ရှိသော ငယ်သော်လည်း ကြီးမြင့်သော ကိုယ်ကျင့်ရှိကုန်၊ ကြီး၍လည်း ကြီးမြင့်သော ကိုယ်ကျင့်ရှိကုန်၊ သဒ္ဓါ သီလ သုတ စာဂ ပညာနှင့်ပြည့်စုံကုန်သော သူကြွယ်တို့နှင့်ဖြစ်စေ သူကြွယ်သားတို့နှင့်ဖြစ်စေ အတူနေ အတူပြော အတူဆွေးနွေး၏၊

ယင်းသဒ္ဓါ သီလ သုတ စာဂ ပညာနှင့်ပြည့်စုံမှုကို အတုလိုက်၍ကျင့်၏၊ ဤသည်ကို ကလျာဏမိတ္တတာ-မိတ်ဆွေကောင်းရှိမှု ဟုဆိုပါသည်။ (ပိုဒ်၊၇၆။ မြန်မာပြန် နှာ၊၁၄၃) ၄-မှတ်

**ကျင့်ဆဲပုဂ္ဂိုလ်၏ ဆုတ်ယုတ်ကြောင်း** - ၁။ အမှုသစ်၌မွေ့လျော်မှု၊ ၂။ စကားပြောခြင်း၌ မွေ့လျော်မှု၊ ၃။ အိပ်ခြင်း၌မွေ့လျော်မှု၊ ၄။ အပေါင်းအဖော်၌ မွေ့လျော်မှု၊ ၅။ ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးမရှိမှု၊ ၆။ စားဖွယ်၌ အတိုင်းအရှည် မသိမှု၊ ၇။ ရောနှောခြင်း၌ မွေ့လျော်မှု၊ ၈။ သံသရာကို ချဲ့ထွင်တတ် သော 'ပပဉ္စ'တရား၌ မွေ့လျော်မှုတို့ဖြစ်ပါသည်။ (ပိုဒ်၊၇၉။ မြန်မာပြန် နှာ၊၁၄၉) ၃-မှတ်

**နောက်ဆုံးအင်္ဂါရပ်သုံးရပ်** - မြတ်စွာဘုရား၏ဂုဏ်(ကျေးဇူး)မဲ့ကို ဆိုခြင်း၊ တရားတော်၏ ဂုဏ်(ကျေးဇူး)မဲ့ကို ဆိုခြင်း၊ သံဃာတော်၏ဂုဏ်(ကျေးဇူး)မဲ့ကို ဆိုခြင်းတို့ဖြစ်ပါသည်။

(ပိုဒ်၊၈၇။ မြန်မာပြန် နှာ၊၁၆၀) ၃-မှတ်

၄။ ရဟန်းတို့အား ဆုံးမဟောကြားပြီးသော အရှင်နန္ဒကအား ဘုရားမိန့်သည့် စကားရပ်နှင့် အရှင်နန္ဒက ပြန်လျှောက်သည့် စကားစုတို့ကို ရေး၍၊ အရှင်မြတ် သာရိပုတ္တရာ၏ မြေနှင့်တူသော စိတ်ဓာတ်ကို ပုံအပ်မိအောင် ရေးပါ။

**ဖြေ။ ဘုရားမိန့်သည့်စကားရပ်** - "နန္ဒက သင်၏ ရှည်လျားစွာသော ဤတရားဒေသနာသည် ရဟန်းတို့အား ထင်၏၊ စင်စစ် တရားစကား ပြီးဆုံးခြင်းကို ဆိုင်းငံ့လျက် တံခါးမုခ်၌ ရပ်နေသော ငါ၏ ကျောက်ကုန်းသည် ညောင်းညာ၏"ဟုမိန့်တော်မူပါသည်။ ၃-မှတ်

**ပြန်လျှောက်သည့်စကားစု** - 'အရှင်ဘုရား "မြတ်စွာဘုရားသည် တံခါးမုခ်အပြင်ပ၌ ရပ်တော်မူသည်"ဟု အကျွန်ုပ်တို့ မသိပါကုန်၊ အရှင်ဘုရား 'အကယ်၍ မြတ်စွာဘုရားသည် တံခါးမုခ်အပြင်ပ၌ ရပ်တော်မူသည်'ဟု အကျွန်ုပ်တို့ သိကြပါမူ ဤမျှလောက်တရားသည်လည်း အကျွန်ုပ်တို့အား မထင်စေရာပါ(ဤမျှလောက် ရှည်ရှည် မဟောပါ)ဟုလျှောက်ပါသည်။ (ပိုဒ်၊၄။ မြန်မာပြန် နှာ၊၁၇၂) ၃-မှတ်

**မြေနှင့်တူသောစိတ်ဓာတ်** - မြေ၌ စင်ကြယ်သောဝတ္ထုကိုလည်း ချထားကုန်၊ မစင်ကြယ်သောဝတ္ထုကိုလည်း ချထားကုန်၊ ကျင်ကြီးကိုလည်း စွန့်ချကုန်၊ ကျင်ငယ်ကိုလည်း စွန့်ချကုန်၊ တံတွေကိုလည်း ထွေးကုန်၊ ပြည်ကိုလည်း ချထားကုန်၊ သွေးကိုလည်း ချထားကုန်၏၊ မြေသည် ထိုသို့ ချထားမှုဖြင့် မငြီးငွေ့ မရှက်နိုး မစက်ဆုပ်သကဲ့သို့၊

ဤအတူပင် အကျွန်ုပ်သည် ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်မှုမရှိသော မြေနှင့်တူသောစိတ်ဖြင့် နေပါ၏။ (ပိုဒ်၊၁၁။ မြန်မာပြန် နှာ၊၁၈၃) ၄-မှတ်

၅။ ဝေလာမသုတ်အရ ကြီးမြတ်သော အကျိုးကို မျှော်၍ ပေးဆပ်ရမည့်လမ်းစဉ် နောက်ဆုံး သုံးချက်ကို ရေး၍၊ သောတာပန်တစ်ယောက် ရဲရဲတောက် အာမခံနိုင်သည့် စွမ်းရည်များကို ဝေရသုတ်လာ စကားအရ ထုတ်ပြပြီး၊ 'နိဗ္ဗာန်သည် ချမ်းသာ၏' ဟူသော အဆို၌ အရှင်ဥဒါယီနှင့်အရှင်သာရိပုတြာတို့အမြင်ကို နှိုင်းယှဉ်ပြခဲ့ပါ။

ဖြေ။ **နောက်ဆုံးသုံးချက်** - ၁။ ကြည်ညိုစိတ်ရှိသဖြင့် ငါးပါးသောကိုယ်ကျင့်သီလ သိက္ခာပုဒ် ဆောက်တည်ရခြင်း၊

၂။ နို့သာတရှူခန့်မျှအချိန်လောက် မေတ္တာစိတ်ပွါးများရခြင်း၊

၃။ လက်ဖျစ်တတွတ်ခန့်မျှအချိန်လောက် အနိစ္စသညာကို ပွါးများရခြင်းတို့ဖြစ်ပါသည်။

(ပိုဒ်၊၂၀။ မြန်မာပြန် နှာ၊၁၉၇) ၃-မှတ်

**အာမခံနိုင်သည့် စွမ်းရည်များ** - ဘေးရန်ငါးမျိုးတို့ ငြိမ်းအေး၍ သောတာပတ္တိအင်္ဂါ လေးမျိုးတို့နှင့်ပြည့်စုံသော အရိယာတပည့်သည် 'ငါသည် ငရဲ ကုန်ပြီးသူ၊ တိရစ္ဆာန်ဘဝ ကုန်ပြီးသူ၊ ပြိတ္တာဘဝကုန်ပြီးသူ၊ ဖရိုဖရဲကျရာ အပါယ် ဒုဂ္ဂတိကုန်ပြီးသူ ဖြစ်၏၊ ငါသည် သောတာပန်ဖြစ်၏၊ ဖရိုဖရဲ ကျခြင်း သဘောမရှိမြဲ၏၊ သမ္ဗောဓိ(အထက်မဂ်)ဉာဏ်လျှင် လည်းလျောင်းရာရှိ၏'ဟု ပြောဆိုနိုင်ပါသည်။ (ပိုဒ်၊၂၇။ မြန်မာပြန် နှာ၊၂၀၅) ၃-မှတ်

**အရှင်ဥဒါယီ အမြင်** - ခံစားမှု မရှိသောနိဗ္ဗာန်၌ ချမ်းသာကား အဘယ်ပါနည်း၊

**အရှင်သာရိပုတ် အမြင်** - ခံစားမှု မရှိခြင်းသည်ပင် ချမ်းသာမည်ပါ၏။

(ပိုဒ်၊၃၄။ မြန်မာပြန် နှာ၊၂၁၃) ၂-မှတ်စီ ၄-မှတ်

၆။ အာကာသာနဉ္စာယတနစျာန်သို့ ရောက်ရန် လွန်မြောက်, ချုပ်ပြောက်, နှလုံးမသွင်း, ပွါးများရမည့် သညာတို့ကို နာဂသုတ်နှင့်အညီ ရေး၍၊ စိတ်၏ ပြောင့်တံသင်းနှင့် စိတ်ကို ဖွဲ့တတ်သော တရားများမှ ရှေ့သုံးမျိုးစီကိုသာ အသီးသီး ရေးသားခဲ့ပါ။

ဖြေ။ **အာကာသာနဉ္စာယတနစျာန်သို့ရောက်ရန်** - ရူပသညာတို့ကို လွန်မြောက်၊ ထိပါးခြင်း၌ မှတ်သားမှု ပဋိဃသညာတို့၏ချုပ်ပျောက်၊ အထူးထူးမှတ်သားမှု နာနာတ္တသညာတို့ကို နှလုံးမသွင်းခြင်း၊ ကောင်းကင်သည် အဆုံးမရှိ ဟုပွါးများရပါမည်။ (ပိုဒ်၊၄၀။ မြန်မာပြန် နှာ၊၂၃၂) ၄-မှတ်

**စိတ်၏ပြောင့်တံသင်း ရှေ့သုံးမျိုး** - ဤသာသနာတော်၌ ရဟန်းသည် ၁။ ဘုရား။ ၂။တရား။ ၃။ သံဃာတော်၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင် မယုံကြည်နိုင်။ ၃-မှတ်

**စိတ်ကိုဖွဲ့တတ်သောတရား ရှေ့သုံးမျိုး** - ဤသာသနာတော်၌ ရဟန်းသည် —

၁။ ကာမဂုဏ်တို့၌၊ ၂။ ကိုယ်၌၊ ၃။ ရုပ်၌ - မကင်းသောတပ်စွန်းမှုရှိ မကင်းသော အလိုဆန္ဒရှိ မကင်းသောချစ်ခင်မှုရှိ မကင်းသောမွတ်သိပ်မှုရှိ မကင်းသောပူလောင်မှုရှိ မကင်းသောစွဲမက်မှုရှိခြင်း ဖြစ်ပါသည်။

(ပိုဒ်၊၇၁။ မြန်မာပြန် နှာ၊၂၅၂) ၃-မှတ်

၇။ ထက်ဝန်းကျင် ကြည်ညိုဖွယ် ရှိ၍ အခြင်းအရာအားလုံးနှင့် ပြည့်စုံသူ ဖြစ်အောင် ဖြည့်ဆည်းရမည့် အင်္ဂါဆယ်ချက်ကို စျာနသုတ်မိန့်ဆိုချက်နှင့် အညီ ရေး၍၊ ငါးမျိုးပယ်၍ ငါးမျိုးကြွယ်က ယောက်ျားမြတ်ဟု ဆိုရာ ငါးမျိုးကြွယ်အရကိုလည်း ထုတ်ပြခဲ့ပါ။

ဖြေ။ **အင်္ဂါဆယ်ချက်** - ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ သီလရှိခြင်း။ ၃။ အကြားအမြင်ရှိခြင်း။ ၄။ ဓမ္မကထိကလည်းဟုတ်၏။ ၅။ ပရိသတ်၌လည်း ကျက်စား၏။ ၆။ ပရိသတ်၌လည်း ရဲရဲရင့်ရင့် တရားဟော၏။ ၇။ ဝိနည်းဓိုရ်လည်းဟုတ်၏။ ၈။ အစွန်အဖျားကျသော တောကျောင်းနေသူလည်းဟုတ်၏။ ၉။ လွန်မြတ်သောစိတ်၌ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်းလည်းဖြစ်သည့် ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရသူ မငြိုမငြင်ရသူ မပင်မပန်းရသူလည်းဟုတ်၏။ ၁၀။ အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်း လွတ်မြောက်သောအရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့်ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေခြင်းတို့ဖြစ်ပါသည်။

(ပိုဒ်၊၈။ မြန်မာပြန် နှာ၊၂၆၆) ၅-မှတ်

**ငါးမျိုးကြွယ် အရ** - ရဟန္တာတို့၏ဥစ္စာဖြစ်သော ၁။ သီလအစု။ ၂။ သမာဓိအစု။ ၃။ ပညာအစု။ ၄။ လွတ်မြောက်မှုအစု အရဟတ္တဖိုလ်၊ ၅။ လွတ်မြောက်မှုကိုသိမှုအစု ပစ္စဝေက္ခဏာဉာဏ်နှင့်ပြည့်စုံခြင်းတို့ဖြစ်ပါသည်။

(ပိုဒ်၊၁၂။ မြန်မာပြန် နှာ၊၂၇၀) ၅-မှတ်

၈။ အရိယာတို့၏ နေခြင်းဆယ်မျိုးကို ဟောရာဌာနနှင့်၊ ယင်းဆယ်မျိုးမှ မှီရာလေးခုကို ထုတ်ပြပြီး၊ မင်းနန်းတော်သို့ ဝင်ခြင်း၌ ပဉ္စမနှင့် ဒသမ အပြစ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ဟောရာဌာန** - ကုရုတိုင်း ကမ္မာသဓမ္မမည်သော ကုရုတိုင်း၏နိဂုံး။ ၂-မှတ်

**မှီရာ လေးခု** - ဤသာသနာတော်၌ ရဟန်းသည် ၁၊ ဆင်ခြင်၍ အချို့ကို မှီဝဲ၏၊ ၂။ ဆင်ခြင်၍ အချို့ကို သည်းခံ၏၊ ၃။ ဆင်ခြင်၍ အချို့ကို ရှောင်ကြဉ်၏၊ ၄။ ဆင်ခြင်၍ အချို့ကို ပယ်ဖျောက်၏။ ဤသို့လျှင်ရဟန်းသည် မှီရာလေးခုရှိပါသည်။ (ပိုဒ်၊၂၀။ မြန်မာပြန် နှာ၊၂၈၁-၂) ၄-မှတ်

**ပဉ္စမ အပြစ်** - မင်းနှင့်မိဖုရားတို့ အတူနေရာသို့ ရဟန်းဝင်လာသောအခါ မိဖုရားကသော်လည်း ရဟန်းကိုမြင်၍ ပြုံးရယ်မိတတ်၏၊ ရဟန်းကသော်လည်း မိဖုရားကို မြင်၍ ပြုံးရယ်မိတတ်၏၊ ထိုသို့ ပြုံးရယ်မိရာ၌ မင်းကြီးအား 'ဤရဟန်းနှင့် မိဖုရားတို့သည် လွန်ကျူးပြီးသော်လည်းကောင်း လွန်ကျူးလတံ့သောလည်းကောင်း မချွတ်ဖြစ်ရာ၏'ဟု အထင်မှားခြင်း ဖြစ်တတ်၏။ ၂-မှတ်

**ဒသမ အပြစ်** - မင်း၏နန်းတော်သည် ဆင် မြင်း ရထားတို့ဖြင့် ကျဉ်းမြောင်းကျပ်တည်း၏၊ တပ်နှစ်သက်ဖွယ် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့လည်း ရှိကုန်၏၊ ယင်းအာရုံတို့သည် ရဟန်းအား မလျောက်ပတ်ကုန်။

(ပိုဒ်၊၄၅။ မြန်မာပြန် နှာ၊၃၁၉-၃၂၀) ၂-မှတ်

၉။ ဘုရားအပေါ် ယုံမှားကင်းသူများမှ ကာမဘုံ၌ ဘဝဆုံးမည့်သူများနှင့် လောက၌ အလိုရှိအပ် နှစ်သက် မြတ်နိုး ပွားတိုးစေတတ်သည့်အရာ ဆယ်မျိုးမှ ရှေ့ငါးမျိုးနှင့် ယင်းတို့၏ အနှောင့်အယှက် ဆယ်မျိုးကို တွဲ၍ ပြဆိုသည်မှ နောက်ငါးမျိုးတို့ကို အသီးသီး ဖော်ပြခဲ့ပါ။

ဖြေ။ **ကာမဘုံ၌ ဘဝဆုံးမည့်သူများ** - ၁။ သတ္တက္ခတ္တုပရမသောတာပန်၊ ၂။ ကောလံကောလသောတာပန်၊ ၃။ ဧကဗီဇီသောတာပန်၊ ၄။ သကဒါဂါမ်ပုဂ္ဂိုလ်၊ ၅။ မျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်သူတို့ဖြစ်ပါသည်။

(ပိုဒ်၊၆၃။ မြန်မာပြန် နှာ၊၃၄၉) ၃-မှတ်

**ရှေ့ ငါးမျိုး** - ၁။ စည်းစိမ်၊ ၂။ အဆင်းလှခြင်း၊ ၃။ အနာကင်းခြင်း၊ ၄။ သီလ၊ ၅။ မြတ်သောအကျင့်တို့ ဖြစ်ပါသည်။ ၂-မှတ်

**နောက် ငါးမျိုးတွဲ** - ၆။ ချွတ်ယွင်းစေမှုသည် မိတ်ဆွေ၏အနှောက်အယှက်။

၇။ သရဏ္ဍာယ်မှု မပြုခြင်းသည် အကြားအမြင်များခြင်း၏အနှောက်အယှက်။

၈။ မကြားနာလိုမှု မမေးမြန်းမှုသည် ပညာ၏အနှောက်အယှက်။

၉။ မစိစစ် မဆင်ခြင်မှုသည် တရားတို့၏အနှောက်အယှက်။

၁၀။ အမှားကျင့်မှုသည် နတ်ပြည်တို့၏အနှောက်အယှက်။ (ပိုဒ်၊၇၃။ မြန်မာပြန် နှာ၊၃၆၁-၂) ၅-မှတ်

၁၀။ စားကျင်း၌ ချည်ထားသော မြင်းကောင်း၏ 'မြက် မြက်'ဟု စဉ်းစားမှု မပြုခြင်းအကြောင်းကို ဖော်ပြ၍၊ အဌကမြို့သား ဒသမသူကြွယ် အရှင်အာနန္ဒာထံ ချဉ်းကပ် လျှောက်ထားသည့် စကားရပ်ကို ရေးပြီး၊ စားကျက်၌ လိမ္မာသော ရဟန်း၏ အဓိပ္ပါယ်ကိုလည်း ရှင်းလင်း ဖော်ပြခဲ့ပါ။

ဖြေ။ **အကြောင်း** - စားကျင်း၌ချည်ထားသော အာဇာနီမြင်းကောင်းအား 'ယနေ့ ငါ့အား မြင်းထိန်းသည် အဘယ်ပြုဖွယ်မျိုးကို ပြုလုပ်စေလိမ့်မည်နည်း၊ ငါသည် ထိုမြင်းထိန်းအား အဘယ်ပြုဖွယ်မျိုးကို အတုံ့အပြန် ပြုရမည်နည်း'ဟု အကြံဖြစ်သောကြောင့် - ။ (ပိုဒ်၊၉။ မြန်မာပြန် နှာ၊၅၁၄) ၃-မှတ်

**လျှောက်သည့်စကားရပ်** - အရှင်ဘုရားအာနန္ဒ - သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ကိုယ်တိုင်မှန်စွာသိတော်မူသောမြတ်စွာဘုရားသည် ဟောကြားထားတော်မူသော တရားတစ်ခုရှိပါသလော၊ ယင်းတရား၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား မလွတ်မြောက်သေးသောစိတ်သည် လွတ်မြောက်ရ၏၊ မကုန်ခမ်းသေးသော အာသဝေါတရားတို့ ကုန်းခမ်းခြင်းသို့ ရောက်ကုန်၏၊ မရောက်မရသေးသော အတုမဲ့ယောဂကုန်ရာသို့လည်း ရောက်နိုင်၏၊ ဤသို့သဘောရှိသော တရားတစ်ခုရှိပါသလော ဟုလျှောက်ထားပါသည်။ (ပိုဒ်၊၁၆။ မြန်မာပြန် နှာ၊၅၃၀) ၅-မှတ်

**စားကျက်၌ လိမ္မာသောရဟန်း** - သာသနာတော်၌ ရဟန်းသည် သတိပဋ္ဌာန်လေးပါး တို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းဖြစ်ပါသည်။ (ပိုဒ်၊၁၇။ မြန်မာပြန် နှာ၊၅၃၈) ၂-မှတ်

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ

## အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသကနိပါတ

## ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၂၃. ၆. ၂၀၁၆) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••

၁-မေး။ မိမိတို့ ရောက်ရှိနေသော အခြေအနေထက် ဆုတ်ယုတ်မသွားအောင် ရံခါရံခါ ဆင်ခြင်စဉ်းစားသင့်သော အရာလေးမျိုးကို ဒေဝဒတ္တဝိပတ္တိသုတ်နှင့်အညီ ရေး၍၊ ကျက်သရေရှိသော အိမ်နှင့် ကျက်သရေရှိသော အမျိုးသမီးတို့၌ မတွေ့မြင်ရသော အညစ်အကြေးတို့ကို မလသုတ်နှင့်အညီ ဖော်ပြပါ။

ဖြေ။ ဆင်ခြင်စဉ်းစားသင့်သောအကြောင်းအရာလေးမျိုး

၁။ မိမိ၏ဖောက်ပြန်ပျက်စီးမှု၊ ၂။ သူတပါး၏ဖောက်ပြန်ပျက်စီးမှု၊
၃။ မိမိ၏ပြည့်စုံတိုးတက်မှု၊ ၄။ သူတပါး၏ပြည့်စုံတိုးတက်မှု၊ (အံ၊၃။၉။) (၁+၁+၁+၁+ =၄-မှတ်)

ကျက်သရေရှိသော အိမ်၌ မတွေ့မြင်ရသောအညစ်အကြေးကား -
ထကြွလုံ့လဝီရိယမရှိခြင်းဟူသောအညစ်အကြေး။ (၃-မှတ်)
ကျက်သရေရှိသော အမျိုးသမီး၌ မတွေ့မြင်ရသောအညစ်အကြေးကား -
အခြားယောက်ျားနှင့်ဖောက်ပြားပျော်ပိုက်မှုဒုစရိုက်အညစ်အကြေး။ (အံ၊၃။၃၇။) (၃-မှတ်)

၂-မေး။ ဟတ္ထက အာဠဝက စည်းရုံးရေးဆင်းရာ၌ အကြိုက်မတူ ကွဲပြားသော လူထုပရိသတ်လေးမျိုးကို နည်းယူဖွယ် တင်ပြ၍၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ , တစ်ဦးနှင့် တစ်ဦး စိတ်ဝမ်းကွဲအောင် သွေးခွဲသော လုပ်ရပ်ကို တစိုက်မတ်မတ် ဖန်တီးသူ၏ တွေ့ကြုံခံစားရမည့် အပေါ့ဆုံး အကျိုးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အကြိုက်မတူ ကွဲပြားသော လူထုပရိသတ်လေးမျိုး- -

၁။ လှူဒါန်းပေးကမ်းခြင်းဖြင့် ချီးမြှောက်သိမ်းသွင်းသင့်သည့်ပရိသတ်၊

၂။ ချစ်ဖွယ်စကားပြောဆိုခြင်းဖြင့် ချီးမြှောက် သိမ်းသွင်းသင့်သည့်ပရိသတ်၊

၃။ သူတို့၏ဖြစ်ပေါ်လာသောကိစ္စအဝဝကိုပြုကျင့်ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှောက်သိမ်းသွင်းသင့်သည့်ပရိသတ်၊
၄။ အတူစားအတူသွားစသည်အားဖြင့် မခြားတန်းတူထားနိုင်သူ၏ အဖြစ်ဖြင့် ချီးမြှောက် သိမ်းသွင်းသင့်သည့် ပရိသတ်၊ (အံ၊၃။၅၅။) (၂+၂+၂+၂=၈-မှတ်)

အပေါ့ဆုံးအကျိုးကား -
လူဖြစ်လာလတ်သော် မိတ်ဆွေတို့နှင့်စိတ်ဝမ်းကွဲပြားမှု။ (အံ။၃။၇၈။) (၂-မှတ်)

၃-မေး။ ရိုးသား ကြိုးစားကာ အောင်မြင်လာသော စီးပွားရေးသမားအတွက် သတိထား ရှောင်ရှားရမည့် စီးပွားပျက်ကြောင်း တရားလေးမျိုးကို ဒီဃဇာဏုသုတ်နှင့်အညီ ရေး၍၊ ရွာနီးကျောင်း၌ သမာဓိတည်ငြိမ်စွာ ထိုင်နေသော ရွာနေရဟန်းနှင့် တောထဲ၌ ငိုက်မျည်းထိုင်နေသော တောနေရဟန်းတို့တွင် မည်သည့်ရဟန်းကို ဘုရားရှင် သဘောကျ နှစ်သက်တော်မူပါသနည်း? အကြောင်းပြ ရွေးချယ်ပြခဲ့ပါ။

ဖြေ။ ရှောင်ရှားရမည့်စီးပွားပျက်ကြောင်းတရားလေးမျိုး

၁။ မိန်းမလိုက်လားပျော်ပါးသူ၏အဖြစ်၊

၂။ သေသောက်ကြူးသူ၏အဖြစ်၊

၃။ ကြွေအံကြူးသူ၏အဖြစ်၊

၄။ ယုတ်မာသော မိတ်ဆွေအဖော်သဟဲရှိသည်၏အဖြစ်၊ သူယုတ်တို့၌ ညွတ်ယိမ်းကိုင်းရှိုင်းသူ၏အဖြစ်။

(အံ၊၃။၁၀၉။)(၆-မှတ်)

တောထဲ၌ ငိုက်မျဉ်းထိုင်နေသော တောနေရဟန်းကိုဘုရားရှင်တွေ့မြင်အံ့၊ ဘုရားရှင်အား "ယခုအခါ၌ဤရဟန်းသည် ဤငိုက်မျဉ်းအိပ်ချင် မရွှင်မလန်းပင်ပန်းထိုင်းမှိုင်းမှုကို ပယ်ဖျောက်၍ တစ်ခုတည်းသော သဘောရှိသော တောဟူ၍ဖြစ်သော အမှတ်သညာကိုသာလျှင် နှလုံးသွင်းလတ့်"ဟု စဉ်းစားတော်မူ၏။ ထိုသို့စဉ်းစားမိခြင်းကြောင့် တော၌နေသော ရဟန်းကို သဘောကျနှစ်သက်တော်မူပါသည်။

·(အံ၊၃။၁၃၆။)(၄-မှတ်)

[ရွာနီးကျောင်း၌ သမာဓိတည်ငြိမ်စွာထိုင်နေသော ရွာနေရဟန်းကို သဘောမကျခြင်းအကြောင်း ဖြေလာလျှင်လည်း အမှတ်လျှော့ရန် မလိုပါ။]

၄-မေး။ နဝကနိပါတ် နန္ဒကသုတ်လာ ခြေလေးချောင်းရှိသော သတ္တဝါနှင့် ဥပမာပြ၍ နှိုင်းယှဉ်ခံရသော ရဟန်း၌ ရှိ/မရှိသော အရည်အသွေးကို့ကို ခွဲခြား ဖြေဆို၍၊ သံသရာကျင်လည်ရာဝယ် အကောင်းစား အသုံးအဆောင်ကို သုံးဆောင် ခံစားလိုစိတ် ရှိပြီး လက်အောက်ငယ်သားများ မိမိစကားကို တစ်သွေမတိမ်း နားထောင်စေလိုပါလျှင် ဒါနကို မည်သို့မည်ပုံ ပြုသင့်ပါသနည်း? ဖြေဆိုပါ။

ဖြေ။ ခြေလေးချောင်းရှိသော သတ္တဝါနှင့်ဥပမာပြ၍နှိုင်းယှဉ်ခံရသောရဟန်း၌ရှိသောအရည်အသွေးများ

၁။ သဒ္ဓါ ၂။ သီလ ၃။ မိမိရုပ်နာမ်ခန္ဓာအစဉ်၌အပ္ပနာစိတ်နှင့်ယှဉ်သောသမာဓိ (၁+၁+၁=၃-မှတ်)

မရှိသောအရည်အသွေး - အခြားသောလောကီပညာတို့ထက် သာလွန်သောပညာလည်းဖြစ်၍ခန္ဓာငါးပါးတို့၌အမျိုးမျိုး ရှုတတ်သောတရားလည်းဖြစ်သော ဝိပဿနာဉာဏ်။ (အံ၊၃။၁၇၀။) (၂-မှတ်)

ဒါနကိုမည်သို့မည်ပုံပြုသင့်ပုံ - - -

၁။ လှူဖွယ်ဝတ္ထုကို ကောင်းမွန်သန့်ရှင်းအောင်ပြု၍ ရိုသေစွာလှူသင့်သည်။

၂။ လေးစားသမှုစိတ်၌ပြု၍ လှူသင့်သည်။

၃။ ကိုယ်တိုင်ကိုယ်ကျ လှူသင့်သည်။

၄။ အဆက်မပြတ် တသမတ်တည်း လှူသင့်သည်။

၅။ ဒါနအကျိုးရောက်လာလိမ့်မည်ဟု သိမြင်ယုံကြည်သောဉာဏ်ရှိသည်ဖြစ်၍ လှူသင့်သည်။

(အံ၊၃။၁၉၅။) (၁+၁+၁+၁+၁=၅-မှတ်)

၅-မေး။ မာရ်နတ်၏ မျက်လုံးကို ဖျက်ဆီး၍ မာရ်နတ်မမြင်နိုင်ရာသို့ ရောက်ပြီးသူဟု သတ်မှတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို သိသာရုံ ရေတွက်ပြ၍၊ သတိပဋ္ဌာန်တရား ပွားများပါက ပယ်နိုင်သော တရားစု ဆယ်စုတို့တွင် ရှေ့ဆုံးသုံးစုကိုသာ သိသာရုံ ဖော်ပြခဲ့ပါ။

ဖြေ။ မာရ်နတ်၏ မမြင်နိုင်ရာသို့ရောက်ပြီးသူဟု သတ်မှတ်ထိုက်သော ပုဂ္ဂိုလ်များ--

၁။ အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေသောရဟန်း၊

၂။ ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေသောရဟန်း၊

၃။ အာကိဉ္စညာယတနစျာန်သို့ရောက်၍နေသောရဟန်း၊

၄။ နေဝသညာနာသညာယတစျာန်သို့ ရောက်၍နေသောရဟန်း၊

၅။ သညာဝေဒယိတနိရောဓသမာပတ်သို့ ရောက်၍ဝိပဿနာပညာမဂ်ပညာဖြင့်သခါရတရား,သစ္စာတရားကိုမြင်ကာ အာဝေါကုန်ခန်းရဟန္တာဖြစ်သောရဟန်း။ (အံ၊၃။၂၃၀။) (၁+၁+၁+၁+၁=၅-မှတ်)

ရှေ့ဆုံးသုံးစု--- ၁။ သီလသိက္ခာ၌ အားမရှိသည်၏အဖြစ်ကို ပြတတ်သော တရားငါးပါး။
၂။ နီဝရဏတရားငါးပါး
၃။ ကာမဂုဏ်ငါးပါး။ (၁+၂+၂=၅-မှတ်)

၆-မေး။ ဒသကနိပါတ်လာ လျင်မြန်စွာ ရဟန္တာဖြစ်လိုသော ရဟန်း၏ မှီခိုနေထိုင်သင့်သောကျောင်း၌ ရှိရမည့် အင်္ဂါငါးပါးတွင် ရှေ့ဆုံးသုံးပါးကိုသာ ဖော်ပြ၍၊ ဘုရားရှင်၏ ခြောက်ခုမြောက် စွမ်းအား(တထာဂတဗလ)ကိုလည်း ရေးပြီး၊ ကိုယ်နှုတ်ဖြင့် မပယ်ရဘဲ ပညာဖြင့် မြင်၍ ပယ်သင့်သော တရားတို့တွင် နောက်ဆုံးငါးခုကိုသာ တင်ပြပါ။

ဖြေ။ ကျောင်းအင်္ဂါငါးပါးတို့တွင် ရှေ့ဆုံးသုံးပါး--

၁။ ရွာနီး မနီးလွန်း မဝေးလွန်းဘဲ သွားလမ်းလာလမ်းနှင့်ပြည့်စုံခြင်း။

၂။ နေ့အခါ၌ လူတို့နှင့် မရော၊ ညအခါ၌ လူသံမရှိ၊ လူစုလူဝေး ဟစ်ကြွေးဆူညံ အသံဗလံမရှိခြင်း။

၃။ မှက်ခြင် လေ နေပူ မြွေတို့၏ကိုက်ခဲထိပါးအတွေ့နှစ်ပါးမရှိခြင်း။ (အံ၊၃။၂၆၈။) (၁+၁+၁=၃-မှတ်)

ဘုရားရှင်၏ခြောက်ခုမြောက်စွမ်းအား---
မြင့်မြတ်သောပဓာနသတ္တဝါတို့၏လည်းကောင်း ထိုပဓာနသတ္တဝါတို့မှ အခြားသောယုတ်ညံ့သောသတ္တဝါတို့၏ လည်းကောင်း ဣန္ဒြေတို့၏ တိုးတက်မြင့်မြတ်ကုန် ယုတ်လျော့နိမ့်ကျကုန်သည်၏အဖြစ်ကို ဟုတ်တိုင်းမှန်စွာ သိနိုင်သောဉာဏ်စွမ်းအား။ (အံ၊၃။၂၈၃။) (၂-မှတ်)

ပညာဖြင့်မြင်၍ပယ်သင့်သောတရားတို့တွင် နောက်ဆုံးငါးခု--

မက္ခ၊ ပဠာသ၊ မစ္ဆရိယ၊ ပါပိကာ ဣဿာ၊ ပါပိကာ ဣစ္ဆာ။ (မြန်မာဖြင့် ဖြေလည်းအမှတ်ပေးရန်။)(အံ၊၃။၂၈၉။)

(၁+၁+၁+၁+၁=၅-မှတ်)

၇-မေး။ စစ်တိုက်နိုင်ရာမှ ပြန်လာသော ပသေနဒိကောသလမင်း၏ ဘုရားရှင်အပေါ် လွန်လွန်ကဲကဲ ရိုသေတုံ့ဝပ် ဦးနှိမ်ချမှုပြပုံကို ရေး၍၊ ယင်းသို့ ပြုရခြင်း၏ အကြောင်းဆယ်ပါးတို့တွင် ရှေ့ဆုံးနှစ်ပါးကိုသာ ဖော်ပြပြီး၊ ရှင်ရဟန်းများ နေ့ညမပြတ် ဆင်ခြင် အောက်မေ့သင့်သောတရားတို့တွင် နောက်ဆုံးနှစ်ပါးကိုသာ တင်ပြပါ။

ဖြေ။ လွန်လွန်ကဲကဲရိုသေတုံ့ဝပ်ဦးနှိမ်ချမှုပြပုံ-
ဘုရားရှင်၏ခြေတော်တို့၌ဦးခေါင်းဖြင့်ထိ၍ဘုရားရှင်၏ခြေတော်တို့ကိုခံတွင်းပါးစပ်ဖြင့်လည်း ငုံ၏(စုပ်၏)၊ လက်တို့ဖြင့် လည်း ဆုတ်နယ်၏၊ "မြတ်စွာဘုရား တပည့်တော်သည် ပသေနဒိကောသလမင်းပါတည်း" ဟု နာမည်ကိုလည်း လျှောက်၏။ (အံ၊၃။၃၀၈။) (၂-မှတ်)

ရှေ့ဆုံးနှစ်ပါး - - -

၁။ ဗဟုဇနသုခအလို့ငှါ ကျင့်တော်မူခြင်း၊ များစွာသော သတ္တဝါအပေါင်းကို ဝိပဿနာနှင့် မဂ်တရား၌ တည်မြဲစေခြင်း။

၂။ ဝုဍ္ဎသီလ အရိယသီလ ကုသလသီလရှိခြင်း။ (အံ၊၃။၃၀၈။) (၂+၂=၄-မှတ်)

နောက်ဆုံးနှစ်ပါး - - -

၁။ "အဘယ်သို့ပါနည်း ငါသည် ဆိတ်ငြိမ်သော တောကျောင်း၌ မွေ့လျော်နိုင်ပါ၏လော" ဤသို့ သုညာဂါရ၌ ပျော်မွေ့မှု ရှိ/မရှိ။

၂။ "ငါရရှိထားအပ်သော လွန်ကဲထူးမြတ်သောဈာယီအရိယာဖြစ်သူလူတို့၏ ဈာန်မဂ်ဖိုလ်တရားဟူသော ကိလေသာတို့ကို ဖြိုဖျက်နိုင်စွမ်းသော ဖြူစင်မြင့်မြတ်သော ဉာဏ်အမြင်ရှိသော ထူးခြားသောတရားသည်ငါ၏သန္တာန်၌ ရှိပါသလော၊ ယင်း ဥတ္တရိမနုဿဓမ္မဖြင့် ငါသည် နောက်ဆုံးဖြစ်သော သေရာညောင်စောင်း လဲလျောင်းရာအခါ၌ သီတင်းသုံးဖော်တို့က မေးအပ်လတ်သော် မျက်နှာမကြည်သာသည် မဖြစ်လတံ့"ဤသို့မိမိသန္တာန်၌ဥတ္တရိမနုဿဓမ္မ ရှိ/မရှိ။ (အံ၊၃၊၃၂၅။)

(၂+၂=၄-မှတ်)

၈-မေး။ 'ဆုတ်ယုတ်ခြင်းသဘောရှိသောပုဂ္ဂိုလ်'၏ အဓိပ္ပါယ်ကို အရှင်သာရိပုတ္တရာ၏ ဖြေကြားချက်နှင့်အညီ ရှင်းပြ၍၊ မြတ်သော အကျင့်နှင့် စတုတ္ထဈာန်တို့၏ ဆူးအသီးအသီးကိုလည်း ရေးပြီး၊ ကာမဂုဏ်စည်းစိမ်ကို သုံးဆောင် ခံစားသူချင်းတူပါလျက် အသာဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ဟု သတ်မှတ်ခံရသော (ကာမဘောဂီ)ပုဂ္ဂိုလ်၏ အမူအကျင့်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဤသာသနာတော်၌ ရဟန်းသည် မကြားနာအပ်ဖူးသေးသော တရားကိုလည်း မကြားနာရ။ ကြားနာအပ်ဖူးသော တရားတို့လည်း မေ့ပျောက်ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ရှေ့၌ စိတ်ဖြင့် မထိရောက်အပ်ဖူးသောတို့သည်လည်း ထိုရဟန်း၏ မနော၌ရ၍ မထင်ပေါ်မကျက်စားကုန်၊ မသိအပ်ဖူးသေးသော အကြောင်းအရာကိုလည်း မသိရ။ ဤမျှ ပမာဏရှိသော ဆုတ်ယုတ်ခြင်းဖြင့် ထိုရဟန်းကို ဆုတ်ယုတ်ခြင်းသဘော ရှိသောပုဂ္ဂိုလ်ဟု ဆိုအပ်၏။

(အံ၊၃။၃၃၈။)(၃-မှတ်)

မြတ်သောအကျင့်၏ ဆူးကား - - မိန်းမ၏ အနီးအပါးသွားလာခြင်း၊ (၂-မှတ်)

စတုတ္ထဈာန်၏ ဆူးကား - ဝင်သက်လေ, ထွက်သက်လေ။ (အံ၊၃။၃၆၃။) (၂-မှတ်)

အသာဆုံးအမြတ်ဆုံးပုဂ္ဂိုလ်ဟု သတ်မှတ်ခံရသော (ကာမဘောဂီ)ပုဂ္ဂိုလ်၏ အမူအကျင့်များ -

၁။ တရားသဖြင့် နိုင်ထက်စီးနင်းတိုက်ခိုက်ခြင်းမဟုတ်သောအားဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၏။

၂။ (ထိုစည်းစိမ်ဥစ္စာတို့ဖြင့်) မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ခွဲခြားဝေဖန်လှူဒါန်း၏၊ ကောင်းမှုပြု၏။

၃။ ထိုစည်းစိမ်ဥစ္စာတို့ကို တဏှာသည် မချုပ်နှောင်အပ်ဘဲ တဏှာဖြင့် တွေဝေမေ့မျောနေသည်မဟုတ်ဘဲ တဏှာဖြင့် မနစ်မြုပ်ဘဲ အပြစ်ကိုမြင်လျက် ဆန္ဒရာဂမှ ထွက်မြောက်ကြောင်းပညာရှိလျက် သုံးဆောင်ခံစား၏။

(အံ၊၃။၄၀၃။)(၃-မှတ်)

၉-မေး။ ကုသိုလ်တရားတို့သို့ ရောက်ခြင်း၏ ရှေ့သွားခေါင်းဆောင်နှင့် နောက်လိုက်တရားတို့ကို ရေး၍၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ ကြောက်ရွံ့မှုကင်း ရဲတင်းရှင်ပြစွာ နေနိုင်သော ဥပါသိကာမ၏ ဂုဏ်ရည်ဆယ်မျိုးတွင် ရှေ့ဆုံး ငါးမျိုးကိုသာ ဝိသာရဒသုတ်နှင့်အညီ ဖော်ပြခဲ့ပါ။

ဖြေ။ ကုသိုလ်တရားတို့သို့ ရောက်ခြင်း၏ - - -

ရှေ့သွားခေါင်းဆောင်ကား - ဝိဇ္ဇာ။ (၂-မှတ်)

နောက်လိုက်တရား - ဟိရီဩတ္တပ္ပ။ (အံ၊၃။၄၃၀။) (၃-မှတ်)

ရှေ့ဆုံးငါးမျိုး – – –

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၄။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

၅။ ပိသုဏဝါစာမှ ရှောင်ကြဉ်ခြင်း။ (အံ၊၃။၄၉၄။) (၁+၁+၁+၁+၁=၅-မှတ်)

၁၀-မေး။ မှီခိုနေထိုင်ရာအမျိုးမျိုးရှိသော လူ့လောက၌ မဟာနာမ်အား ဗုဒ္ဓ မိန့်ကြားတော်မူသော မှီခိုနေထိုင်ရာတရားတို့တွင် ပွားများရမည့် တရားတို့ကိုသာ သိသာရုံ ဖော်ပြ၍၊ သာသနာတော်၌ ကြီးပွားတိုးတက်မည့်ရဟန်း၏ မထေရ်များကို လွန်ကဲသော ပူဇော်မှုဖြင့် ပူဇော်နည်းကိုလည်း ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ပွားများရမည့်တရားများ – ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ။ (အံ၊၃။၅၃၁/၂/၃/၄။) (၁+၁+၁+၁+၁+၁=၆-မှတ်)

လွန်ကဲသောပူဇော်မှုဖြင့်ပူဇော်နည်း– –

ရှည်မြင့်စွာသော ညဥ့်တို့ကို သိကုန်သော ရဟန်းပြုပြီး၍ ကြာမြင့်သော ကာလရှိကုန်သော သံဃာ၏ ဖခင်အရာ၌ တည်ကုန်သော သံဃာကို ဦးဆောင်တတ်ကုန်သော မထေရ်ရဟန်းတို့၌ မျက်မှောက်၌လည်းကောင်း မျက်ကွယ်၌လည်းကောင်း မေတ္တာရှိသော ကာယကံ ဝစီကံ မနောကံတို့ကို ရှေ့ရှုတည်စေခြင်းဖြင့် ပူဇော်ခြင်းဖြစ်ပါသည်။ (အံ၊၃။ ၅၅၁။)(၄-မှတ်)

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**အဋ္ဌက၊ နဝက၊ ဒသက၊ ဧကာဒသကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်၊ (၁၄. ၆. ၂၀၁၇) ဗုဒ္ဓဟူးနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁-မေး။ ရှင်ဘုရင်၏ ခြေလက်အစိတ်အပိုင်းဟု ဆိုရလောက်အောင် အားကိုးထိုက်သော မြင်းအာဇာနည်၏ ရှစ်ခုမြောက် အရည်အသွေးကို အဋ္ဌကနိပါတ်မှ ထုတ်နုတ်တင်ပြ၍၊ မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်သော အချို့သော လူဒါယကာများ အတုယူသင့်သော ဟတ္ထိရွာသားဒါယကာ၏ စိတ်ဓာတ်နှင့် လုပ်ရပ်တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ရှင်ဘုရင်၏ ခြေလက်အစိတ်အပိုင်းဟု ဆိုရလောက်အောင် အားကိုးထိုက်သော မြင်းအာဇာနည်၏ ရှစ်ခုမြောက် အရည်အသွေး- အသက်သေခြင်းဖြင့် အဆုံးသတ်သည်တိုင်အောင် ကိုယ်စွမ်းအားရှိခြင်း၊ စွမ်းအားကို ဖော်ပြတတ်ခြင်း၊ (အံ၊၃။၃၂။)(၄-မှတ်)

မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်သော အချို့သော လူဒါယကာများ အတုယူသင့်သော ဟတ္ထိရွာသားဒါယကာ၏ စိတ်ဓာတ်နှင့် လုပ်ရပ်တို့ကား- သံဃာကို ဆွမ်းလုပ်ကျွေးလတ်သော် ဤရဟန်းအား နည်းနည်း လှူအံ့ဟူ၍ သော်လည်းကောင်း၊ ဤရဟန်းအား များများ လှူအံ့ဟူ၍သော်လည်းကောင်း မညီမျှသော စိတ်မထားဘဲ (၃-မှတ်) လှူဖွယ်ဝတ္ထုကို ညီညီမျှမျှဖြစ်စေလိုသော စိတ်ရှိသည်သာဖြစ်၍ ပေးလှူခြင်း။ (အံ၊၃။၅၂။)(၃-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၂-မေး။ လူမိုက်, ပညာရှိ, ရဟန်းသူတော်ကောင်းတို့၏ စွမ်းအားတို့ကို ဖော်ပြ၍၊ မြေငလျင်တုန်လှုပ်ရခြင်း၏ အကြောင်းရှစ်ပါး တို့တွင် ယခုကာလ၌ ကြုံတွေ့နိုင်သော အကြောင်းတို့ကို ဖြေဆိုပါ။

ဖြေ။ လူမိုက်၏ စွမ်းအားကား ကဲ့ရဲ့ခြင်း။ (၂-မှတ်)

ပညာရှိ၏ စွမ်းအားကား - (အကြောင်းနည်းလမ်းဟုတ်သည်မဟုတ်သည်ကို) တွေးတောကြံစည်ခြင်း။ (၂-မှတ်)

ရဟန်းသူတော်ကောင်း၏ စွမ်းအားကား - သည်းခံခြင်း။ (အံ၊၃။၅၈။)(၂-မှတ်)

မြေငလျင်တုန်လှုပ်ရခြင်း၏ အကြောင်းရှစ်ပါး တို့တွင် ယခုကာလ၌ ကြုံတွေ့နိုင်သော အကြောင်းများကား -

၁၊ လေပြင်းတိုက်ခတ်ခြင်းကြောင့် ရေထုတုန်လှုပ်ရွေ့လျားခြင်း။ (၂-မှတ်)

၂၊ တန်ခိုးအာနုဘော်ကြီးမားသော ရဟန်း သူတော်ကောင်း နတ်ဗြဟ္မာတို့၏ ပရိတ္တပထဝီသညာနှင့် အပ္ပမာဏ အာပေါသညာကို ဖြစ်ပွားစေခြင်း။ (အကျယ်ဖြေလည်းပေးပါ။) (အံ၊၃။၁၃၂။)(၂-မှတ်)

၃-မေး။ မကျန်းမမာ ဖျားနာရာမှ နာလံထခါစ အခြေအနေချင်းတူပါလျက် ပျင်းရိသူနှင့် လုံ့လရှိသူတို့၏ ခြားနားသော စိတ်ဓာတ်နှင့် လုပ်ရပ်တို့ကို ဖော်ပြ၍၊ ဒါယကာတို့က ဆန္ဒရှိပါလျှင် မကြည်ညိုမှုကို သိအောင် ပြသင့်ပြထိုက်သော ရဟန်း၏ လုပ်ရပ်တို့တွင် ရှေ့လေးမျိုးကိုသာ တင်ပြပါ။

ဖြေ။ မကျန်းမမာ ဖျားနာရာမှ နာလံထခါစ အခြေအနေချင်းတူပါလျက် ...

ပျင်းရိသူနှင့် စိတ်ဓာတ်နှင့် လုပ်ရပ်တို့ကား

ငါသည် မကျန်းမာသူ၏အဖြစ်မှ ထမြောက်လာပြီ၊ မကျန်းမာသူ၏အဖြစ်မှ ထမြောက်ပြီး၍ မကြာသေး၊ ထိုငါ၏ ကိုယ်သည် အားမရှိ၊ ဘာဝနာပွားမှုလုပ်ငန်း၌ မခိုင်ခံ့၊ ယခု ငါသည် အိပ်လိုက်ဦးမည်ဟု နလုံးသွင်းကာ အိပ်၏၊ မရောက်အပ် မရအပ် မျက်မှောက်မပြုအပ်သေးသော တရားထူးကို ရခြင်းရောက်ခြင်း မျက်မှောက်ပြုခြင်းငှါ ဝီရိယကို ကြိုးစားအားထုတ်မပြုလုပ်။ (၃-မှတ်)

လုံ့လရှိသူ၏ စိတ်ဓာတ်နှင့် လုပ်ရပ်တို့ကား -

ငါသည် မကျန်းမာသူ၏အဖြစ်မှ ထမြောက်လာပြီ၊ မကျန်းမာသူ၏အဖြစ်မှ ထမြောက်ပြီး၍ မကြာသေး၊ ငါ၏ အနာရောဂါသည် တစ်ဖန်ထပ်ကာ ဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိ၏၊ ယခု စောစောကပင် မရောက်အပ် မရအပ် မျက်မှောက်မပြုအပ်သေးသော တရားထူးကို ရခြင်းရောက်ခြင်း မျက်မှောက်ပြုခြင်းငှါ ဝီရိယကို အားထုတ်ပေအံ့ဟု နလုံးသွင်းကာ မရောက်အပ် မရအပ် မျက်မှောက်မပြုအပ်သေးသော တရားထူးကို ရခြင်းရောက်ခြင်း မျက်မှောက်ပြုခြင်းငှါ ဝီရိယကို ကြိုးစားအားထုတ်ပြုလုပ်၏။ (အံ၊၃။၁၄၈၊၁၄၉၊၁၅၀။)(၃-မှတ်)

ဒါယကာတို့ ဆန္ဒရှိပါက မကြည်ညိုမှုကို သိအောင် ပြသင့်ပြထိုက်သော ရဟန်း၏ လုပ်ရပ်တို့တွင် ရှေ့လေးမျိုးကား

လူတို့၏ ပစ္စည်းလာဘ်မရခြင်းငှါ အားထုတ်ခြင်း၊

လူတို့၏ အကျိုးစီးပွားပျက်ခြင်းငှါ အားထုတ်ခြင်း၊

လူတို့ကို ဆဲရေးရှုတ်ချခြင်း၊

လူတို့ကို လူတို့နှင့် ကွဲပြားစေခြင်း။ (အံ၊၃။၁၅၈။)(၁+၁+၁+၁=၄-မှတ်)

---

၄-မေး။ အကျိုးဆောင်အလုပ်တို့တွင် အမွန်မြတ်ဆုံးသော အကျိုးဆောင်(အတ္ထစရိယာ)အလုပ်တို့ကို နဝကနိပါတ်ဗလသုတ်မှ ထုတ်နှုတ်ဖော်ပြ၍၊ အရှင်သာရိပုတ္တရာ၌ ရှိသော ရန်ငြိုးဒေါသ ကင်းစင်ပ၍ နိမ့်ချအပ်သော စိတ်ဓာတ်၏ ဥပမာတို့ကိုသာ အတုယူဖွယ်တင်ပြပါ။

ဖြေ။ အကျိုးဆောင်အလုပ်တို့တွင် အမွန်မြတ်ဆုံးသော အကျိုးဆောင်(အတ္ထစရိယာ)အလုပ်

၁၊ သဒ္ဓါမရှိသူကို သဒ္ဓါနှင့် ပြည့်စုံခြင်း၌ ကောင်းစွာဆောက်တည်သက်ဝင်တည်စေခြင်း၊

၂၊ သီလမရှိသူကို သီလနှင့် ပြည့်စုံခြင်း၌ ကောင်းစွာဆောက်တည်သက်ဝင်တည်စေခြင်း၊

၃၊ နှမြောသူကို စွန့်ကြဲမှုနှင့် ပြည့်စုံခြင်း၌ ကောင်းစွာဆောက်တည်သက်ဝင်တည်စေခြင်း၊

၄၊ ပညာမရှိသူကို ပညာနှင့် ပြည့်စုံခြင်း၌ ကောင်းစွာဆောက်တည်သက်ဝင်တည်စေခြင်း၊

(အံ၊၃။၁၇၄။)(၁+၁+၁+၁ အားလုံးမှန်လျှင် ၅-မှတ်၊)

အရှင်သာရိပုတ္တရာ၌ ရှိသော ရန်ငြိုးဒေါသ ကင်းစင်ပ၍ နိမ့်ချအပ်သော စိတ်ဓာတ်၏ ဥပမာ တို့ကား -

မြေကြီး၊ လေ၊ မီး၊ ရေ၊ ဖုံသုတ်အဝတ်၊ ဒွန်စဏ္ဍားကလေး၊ ဦးချိုကျိုးသောနွားလား။ (အံ၊၃။၁၈၂။)(၅-မှတ်)

၅-မေး။ ရဟန္တာအပါး (၁၀၀)ကို လှူဒါန်းမှုကုသိုလ်နှင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မှု (သရဏဂုံတည်မှု) ကုသိုလ်တို့တွင် အဘယ်ကုသိုလ်က အကျိုးသာလွန်များပါသနည်း? ဝဂ်, သုတ်ထောက်ကာ ဖြေဆို၍၊ ဈာနသုတ်လာ ခန္ဓာငါးပါးကို အားကောင်းသော ဝိပဿနာဖြင့် ရှုနည်းများကိုလည်း နည်းယူဖွယ် တင်ပြပါ။

ဖြေ။ သီဟနာဒဝဂ် (၁-မှတ်)

ဝေလာမသုတ်ကိုထောက်၍ (၂-မှတ်)

ရဟန္တာအပါး (၁၀၀)ကို လှူဒါန်းမှုကုသိုလ်နှင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မှု (သရဏဂုံတည်မှု) ကုသိုလ်တို့တွင် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မှု (သရဏဂုံတည်မှု) ကုသိုလ်က အကျိုးသာလွန်များပါသည်။ (အံ၊၃။၁၉၇။)(၁-မှတ်)

ဈာနသုတ်လာ ခန္ဓာ ငါးပါးကို အားကောင်းသော ဝိပဿနာဖြင့် ရှုနည်းများ -

မမြဲသောတရား၏အဖြစ်အားဖြင့် ရှုခြင်း၊

ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်ခံရသော ဒုက္ခတရား၏ အဖြစ်အားဖြင့် ရှုခြင်း၊

အနာရောဂါနှင့်တူသော တရား၏ အဖြစ်အားဖြင့် ရှုခြင်း၊

အိုင်းအမာအနာဆွေးနှင့် တူသော တရား၏အဖြစ်အားဖြင့် ရှုခြင်း၊

မြားငြောင့်နှင့်တူသောတရား၏အဖြစ်အားဖြင့် ရှုခြင်း၊

ဆင်းရဲဒုက္ခ၏ တည်ရာတရား၏အဖြစ်အားဖြင့် ရှုခြင်း၊

အနာနှင့်တူသော တရား၏အဖြစ်အားဖြင့် ရှုခြင်း၊

ပြင်ပလူသား သူစိမ်းကားနှင့်တူသော တရား၏အဖြစ်အားဖြင့် ရှုခြင်း၊

အိုနာသေတရားတို့က အမျိုးမျိုးဖျက်ဆီးအပ်သော တရား၏အဖြစ်အားဖြင့် ရှုခြင်း၊

အတ္တကောင်မှ ဆိတ်သုဉ်းသည်၏အဖြစ်အားဖြင့် ရှုခြင်း၊

အသက်ရှင် အတ္တကောင် မရှိသည်၏အဖြစ်အားဖြင့် ရှုခြင်းတို့ဖြစ်ပါသည်။ (အံ၊၃။၂၂၀။) (၆-မှတ်)

၆-မေး။ စိတ်ကို ကြမ်းတမ်းခက်ထန်စေတတ်သော တရားငါးမျိုးကို ဖော်ပြ၍၊ ရဟန္တာအရိယာတို့သာ မှီခိုနေထိုင်ရာဖြစ်သော စံတော်အိမ်တို့တွင် ခုနစ်ခုမြောက်စံတော်အိမ်၏ အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။

ဖြေ။ စိတ်ကို ကြမ်းတမ်းခက်ထန်စေတတ်သော တရားငါးမျိုးကား -

၁၊ ဘုရား၌ ယုံမှားတွေးတောမှု၊

၂၊ တရား၌ ယုံမှားတွေးတောမှု၊

၃၊ သံဃာ၌ ယုံမှားတွေးတောမှု၊

၄၊ သိက္ခာ၌ ယုံမှားတွေးတောမှု၊

၅၊ သီတင်းသုံးဖော်တို့၌ စိတ်ဆိုးမှု။ (အံ၊၃။၂၇၀။)(၅-မှတ်)

ရဟန္တာအရိယာတို့သာ မှီခိုနေထိုင်ရာဖြစ်သော စံတော်အိမ်တို့တွင် ခုနစ်ခုမြောက်စံတော်အိမ်၏ အဓိပ္ပါယ်ကား ကာမအကြံအစည် ဗျာပါဒအကြံအစည် ဝိဟိံသာအကြံအစည်တို့ကို ပယ်အပ်ပြီးသည်၏အဖြစ်ကို "နောက်ကျုကင်းစင် အကြံအစည်ရှိခြင်း" ဟု ခေါ်ပါသည်။ (အံ၊၃။၂၈၁။)(၅-မှတ်)

၇-မေး။ ရှင်ရဟန်းများ နေ့ညဥ့်မပြတ် ဆင်ခြင်ရမည့်တရားတို့တွင် နှစ်ခုမြောက်, လေးခုမြောက်, ရှစ်ခုမြောက်တရားတို့ကိုသာ ဖော်ပြ၍၊ အရှင်ဂိရိမာနန္ဒ၏ ရောဂါကို ယူပစ်သလို ပျောက်ကင်းစေသော ဆေးဆယ်ဖုံတို့တွင် ကိုးခုမြောက်ဆေး၏ အဓိပ္ပါယ်ကို ရှင်းပြပြီး၊ ယင်းဆေးကို တိုက်ကျွေးသောပုဂ္ဂိုလ်ကိုလည်း ညွှန်ပြပါ။

ဖြေ။ ရှင်ရဟန်းများ နေ့ညဥ့်မပြတ် ဆင်ခြင်ရမည့်တရားတို့တွင် -

နှစ်ခုမြောက်တရား - ငါ၏ အသက်မွေးမှုသည် သူတစ်ပါးတို့၌ ဆက်စပ်ဖနေ၏။ (၁-မှတ်)

လေးခုမြောက်တရား - အသို့ပါသနည်း ငါ၏ စိတ်သည် သီလကြောင့် မစွပ်စွဲပါ၏လော။ (၂-မှတ်)

ရှစ်ခုမြောက်တရား - ငါသည် အဘယ်သို့ဖြစ်နေစဉ် ညဥ့်နေ့တို့သည် လွန်သွားကုန်သနည်း။

(၂-မှတ်)(အံ၊၃။၃၂၅။)

အရှင်ဂိရိမာနန္ဒ၏ရောဂါကိုယူပစ်သလိုပျောက်ကင်းစေသောဆေးဆယ်ဖုံတို့တွင်ကိုးခုမြောက်ဆေး၏အဓိပ္ပါယ်ကား အလုံးစုံသော သင်္ခါရတို့၌ နှိပ်စက်ခံရသကဲ့သို့ဖြစ်ခြင်း ရှက်ခြင်းစက်ဆုပ်ခြင်းကို "မလိုလားခြင်းသဘောအားဖြင့် ဖြစ်သော သညာ"ဖြစ်ပါသည်။ (၃-မှတ်)

ယင်းဆေးကို တိုက်ကျွေးသောပုဂ္ဂိုလ်ကား - အရှင်အာနန္ဒာ။ (အံ၊ ၃။၃၄၅။)(၂-မှတ်)

၈-မေး။ "မရှိတာထက်မသိတာ ခက်၏" ဟု ဆိုကြရာအမှန်တရားကိုမသိအောင်ဖုံးတတ်သောအဝိဇ္ဇာအမှောင်ထုဖြစ်ပေါ်လာခြင်း၏ အနီးဆုံးအကြောင်း, အဝေးဆုံးအကြောင်းတို့ကို အဝိဇ္ဇာသုတ်နှင့်အညီ ဖော်ပြ၍၊ "အရူမတောင့်မှ သီလစောင့်မည်" ဆိုပါက ဘုရားအလိုတော်နှင့် ညီ/မညီ အာကင်္ခသုတ်အရ အကြောင်းထုတ်ပြကာ ဆုံးဖြတ်ပါ။

ဖြေ။ "မရှိတာထက်မသိတာ ခက်၏" ဟု ဆိုကြရာအမှန်တရားကိုမသိအောင်ဖုံးတတ်သောအဝိဇ္ဇာအမှောင်ထုဖြစ်ပေါ်လာခြင်း၏

အနီးဆုံးအကြောင်း - နီဝရဏငါးပါး၊ (၂-မှတ်)

အဝေးဆုံးအကြောင်း - သူယုတ်မာတို့နှင့် ပေါင်းသင်းခြင်း။ (အံ၊၃။၃၄၆။)(၂-မှတ်)

ပစ္စည်းလေးပါး ပေါများသူ ဖြစ်လိုလျှင် သီလတို့၌ ပြည့်စုံအောင် ဖြည့်ကျင့်ရမည်၊ မိမိ၏ စိတ်ကို ငြိမ်သက်စေခြင်းကိစ္စ၌ ကြိုးစားအားထုတ်လျက် မထုတ်ပယ်အပ်သောဈာန်ရှိလျက် ဝိပဿနာနှင့် ပြည့်စုံလျက် ဆိတ်ငြိမ်ရာကျောင်းတို့ကို ဝိုးပွားစေသူ ဖြစ်ရမည်ဟု အာကင်္ခသုတ်၌ ဘုရားရှင်ဟောတော်မူသောကြောင့် (၅-မှတ်)

"အရူမတောင့်မှ သီလစောင့်မည်" ဆိုပါက ဘုရားအလိုတော်နှင့် မညီပါ။ (အံ၊၃။၃၆၁။)(၁-မှတ်)

၉-မေး။ မပြစ်မှားသင့်သော အဂ္ဂသာဝကနှစ်ပါးကို ပြစ်မှားသူအမည်နှင့် ယင်း၏ လားရောက်ရာတမလွန်ဘုံဌာနတို့ကို ဖော်ပြ၍၊ တပေါဒါမြစ်ကမ်းနား၌ မိမိမေးသော မေးခွန်းများကို ဖြေဆိုသူသည် အရှင်အာနန္ဒာဟု သိသွားသော ကောကနဒ ပရိဗိုဇ်၏ လျှောက်ထားချက်ကိုလည်း ရေးသားပါ။

ဖြေ။ မပြစ်မှားသင့်သော အဂ္ဂသာဝကနှစ်ပါးကို ပြစ်မှားသူအမည် - ကောကာလိက (၂-မှတ်)

ယင်း၏ လားရောက်ရာတမလွန်ဘုံဌာန - ပဒုမငရဲ၊ (အံ၊၃။၃၉၅။)(၃-မှတ်)

တပေါဒါမြစ်ကမ်းနား၌ မိမိမေးသော မေးခွန်းများကို ဖြေဆိုသူသည် အရှင်အာနန္ဒာဟု သိသွားသော ကောကနဒ ပရိဗိုဇ်၏ လျှောက်ထားချက် - -

အရှင်တို့ ငါတို့သည် မြတ်သောဆရာနှင့်အတူ ဆွေးနွေးနေကြပါလျက် အရှင်အာနန္ဒာဟူ၍ မသိခဲ့ကြလေတကား။ "ဤသူသည် အရှင်အာနန္ဒာတည်း" ဟု ငါတို့သိကုန်လသော် ငါတို့၏ ဤမျှလောက်သောစကားသည်ပင် ဉာဏ်အား ထင်ပေါ်မလာ။ (မမေးဝံ့ရာ)

အရှင်အာနန္ဒာသည် အကျွန်ုပ်အား သည်းခံခွင့်လွှတ်တော်မူပါ။ (အံ၊၃။၄၁၇။)(၅-မှတ်)

၁၀-မေး။ ဗုဒ္ဓဘာသာဝင်များသည် ဘဝတစ်ပါးပြောင်းရွှေ့သွားသော ဆွေမျိုးသားချင်းများကို ရည်စူး၍ ရက်လည်ဆွမ်းစသော ကုသိုလ်ကို ပြုလုပ်ပြီး အမျှအတမ်းပေးဝေကြရာ ယင်းကုသိုလ်၏ အကျိုးများကို ရရှိခံစားရမည့် ပုဂ္ဂိုလ်တို့ကို ဇာဏုသောဏိသုတ်အရ ထုတ်နုတ်ဖော်ပြပြီး၊ ဘုရားဂုဏ်တော်ပွားများလိုသူများအတွက် ဂုဏ်တော်ပွားရမည့်အချိန်အခါ တို့ကိုလည်း ဒုတိယမဟာနာမသုတ်နှင့်အညီ လမ်းညွှန်ပြပါ။

ဖြေ။ ဗုဒ္ဓဘာသာဝင်များသည် ဘဝတစ်ပါးပြောင်းရွှေ့သွားသော ဆွေမျိုးသားချင်းများကို ရည်စူး၍ ရက်လည်ဆွမ်းစသော ကုသိုလ်ကို ပြုလုပ်ပြီး အမျှအတမ်းပေးဝေကြရာ ယင်းကုသိုလ်၏ အကျိုးများကို ရရှိခံစားရမည့် ပုဂ္ဂိုလ်တို့ကား

၁၊ ရည်စူးအပ်သော ပြိတ္တာဘုံရောက်သွားသော ဆွေမျိုးသားချင်းများ (၂-မှတ်)

၂၊ ပြိတ္တာဘုံ၌ ရှိသော အခြားသော ဆွေမျိုးသားချင်းများ၊ (၂-မှတ်)

၃၊ ရည်စူးကုသိုလ်ကို ကိုယ်တိုင်ကိုယ်ကျပြုလုပ်သော အလှူရှင်။ (အံ၊၃။၄၇၈၊၄၇၉။)(၂-မှတ်)

ဘုရားဂုဏ်တော်ပွားများလိုသူများအတွက် ဂုဏ်တော်ပွားရမည့်အချိန်အခါကား

သွားနေစဉ်အခါ၊ ရပ်နေစဉ်အခါ၊ ထိုင်နေစဉ်အခါ၊ လျောင်းနေစဉ်အခါ၊ လုပ်ငန်းကို စီမံပြုလုပ်နေစဉ်အခါ၊ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်စက်ရာနေရာ၌ နေစဉ်အခါ။ (အံ၊၃။ ၅၃၅။)(၄-မှတ်)

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ

### အင်္ဂုတ္တရနိကာယ (ဖော်ပြထားသည့်နှင့်အတူ) အဋ္ဌက+နဝက+ဒသက+ဧကာဒသကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၀-ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်၊ (၂၀. ၆. ၂၀၁၈) ဗုဒ္ဓဟူးနေ့ ·

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ကောင်းဆိုးနှစ်တန် လောကဓံတရားတို့နှင့် ကြုံဆုံကြရာ၌ ပုထုဇဉ်တို့နှင့် အရိယာသာဝကတို့၏ ကွဲပြားခြားနားချက် တို့ကို ဖော်ပြ၍၊ အာဇာနည်မြင်းနှင့် နှိုင်းယှဉ်ခံရသောရဟန်း၏ ခြောက်ခုမြောက်အရည်အသွေးကိုလည်း ဖြေဆိုပါ။

၁။ အဖြေ==

ကောင်းဆိုးနှစ်တန် လောကဓံတရားတို့နှင့် ကြုံဆုံရာ၌ ပုထုဇဉ်နှင့် အရယာသာဝကတို့၏ ကွဲပြားခြားနားချက်

ပုထုဇဉ်သည်--

လောကဓံတရားတို့၏ မမြဲခြင်းစသော သဘောကို ကွဲကွဲပြားပြားမသိ၊ ထိုလောကဓံတို့က ပုထုဇဉ်၏ ကုသိုလ်စိတ်ကို ယှဉ်တားဆီး၏၊ လာဘယသစသည်တို့နှင့် တွေ့ကြုံသောအခါ တပ်မက်ခင်တွယ်မှု အကုသိုလ်တရားများဖြစ်ပွား၍ အလာဘအယသစသည်တို့နှင့် တွေ့ကြုံသောအခါ ကိုယ်စိတ်ညှိုးနွမ်းပင်ပန်းမှုအကုသိုလ်တရားများ ဖြစ်ပွားခြင်းကြောင့် ဇာတိဇရာစသည်တို့မှ မလွတ်မြောက်နိုင်။ (၃-မှတ်)

အရိယာသာဝကတို့သည်--

လောကဓံတရားတို့၏ မမြဲခြင်းစသော သဘောကို ကွဲကွဲပြားပြားသိ၏၊ ထိုလောကဓံစသည်တို့နှင့် တွေ့ကြုံသောအခါ တပ်မက်မင်တွယ်မှုအကုသိုလ်မဖြစ်ပွား၍ အလာဘအယသစသည်တို့နှင့် တွေ့ကြုံသောအခါ ကိုယ်စိတ်ညှိုးနွမ်းပင်ပန်းမှု အကုသိုလ်တရားများမဖြစ်ပွားခြင်းကြောင့် ဇာတိဇရာစသည်တို့မှ လွတ်မြောက်၏။ (အံ ၃-၈) (၃-မှတ်)

အာဇာနည်မြင်းနှင့် နှိုင်းယှဉ်ခံရသောရဟန်း၏ ခြောက်ခုမြောက်အရည်အသွေး--

သိက္ခာသုံးပါးကို ဖြည့်ကျင့်သူဖြစ်ခြင်း၊ အခြားရဟန်းတို့သည် ကျင့်ကြသည်ဖြစ်စေ မကျင့်ကြသည်ဖြစ်စေ ငါသည် ဤသာသနာတော်၌ ကျင့်အံ့``ဟု စိတ်ကို ဖြစ်စေခြင်း (အံ ၃-၃၂/၃၃) (၄-မှတ်)

---

၂။ စိတ်ကြိုက်ရှုပ်သွင်ကို ဖန်ဆင်းကာ ပျော်မွေ့သော နတ်သမီးဘဝကို ပိုင်ဆိုင်လိုသော အမျိုးကောင်းသမီး၏ ပြည့်စုံရမည့် တရားတို့တွင် ငါးခုမြောက်၊ ခြောက်ခုမြောက်တရားတို့ကိုသာ ဖော်ပြ၍၊ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်၏ ဂုဏ်ရည်တို့တွင် လေးခုမြောက်၊ ငါးခုမြောက်ဂုဏ်ရည်တို့ကိုသာ ဗုဒ္ဓယအာဟုနေယျသုတ်နှင့်အညီ ဖြေဆိုပါ။

၂။ အဖြေ==

(၅)ခုမြောက်တရား- လင်ယောကျ်ားဆောင်ယူအပ်သော ဥစ္စာစပါးရွှေငွေကို စောင့်ရှောက်ခြင်း လုံခြုံစေခြင်းတို့ဖြင့် ပြည့်စုံစေခြင်း၊ ထိုဥစ္စာစပါးရွှေငွေ၌ ယောကျ်ားနှင့် အပျော်အပျက်အချော်မိန်းမမဟုတ်သူ မခိုးသူ သေသောက်မကြူးသူ မဖျက်ဆီးသူဖြစ်ခြင်း။ (၃-မှတ်)

(၆)ခုမြောက်တရား- ဘုရားတရားသံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ ဥပါသိကာမဖြစ်ခြင်း။(အံ ၃-၅၃)(၃-မှတ်)

လေးခုမြောက်ဂုဏ်ရည်--

တောင်၌ နေခြင်းအလေ့ရှိသည်ဖြစ်၍ အလွန်ဝေးကွာခြားအစွန်အဖျားကျသော အိပ်ယာနေရာကျောင်းနေပုဂ္ဂိုလ်ဖြစ်ခြင်း (၂-မှတ်)

ငါးခုမြောက်ဂုဏ်ရည်--

သမထဝိပဿနာအကျင့်ပဋိပတ်၌ မပျော်မွေ့ခြင်းနှင့် ကာမဂုဏ်တို့၌ ပျော်မွေ့ခြင်းကို ဖိစီးလွှမ်းမိုးနိုင်သည်ဖြစ်၍ ဖြစ်ပေါ်လာသော မပျော်မွေ့ခြင်းကို လွှမ်းမိုး၍ နေခြင်း။ (အံ ၃-၁၁၅) (၂-မှတ်)

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## အဋ္ဌက+နဝက+ဒသက+ဧကာဒသကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၁။ ခန္ဓာငါးပါးတရားတို့၏ (က) ပေါင်းဆုံရာ၊ (ခ) အနှစ်သာရတို့ကို ရေးသား၍၊ ကာမမှထွက်မြောက်သော ချမ်းသာ စသည်ကို စိတ်တိုင်းကျ လွယ်ကူစွာရလေ့မရှိသော ရဟန်းတို့၏ အမူအကျင့်တို့ကိုလည်း ယသသုတ်မှ ထုတ်နုတ် တင်ပြပါ။

၁။ အဖြေ==

ခန္ဓာငါးပါးတရားတို့၏

(က)ပေါင်းဆုံရာကား ခံစားမှုဝေဒနာ။ (၂-မှတ်)

(ခ) အနှစ်သာရ-(ကိလေသာမှ လွန်မြောက်ကြောင်း)ဖိုလ်။ (အံ ၃-၁၅၃) (၂-မှတ်)

အမူအကျင့်များ--

မစင်ပမာ ရွံ့ဖွယ်ရာချမ်းသာ. အိပ်ငိုက်ခြင်းကြောင့်ဖြစ်သော ချမ်းသာ. ပစ္စည်းလာဘ်. အရိုအသေခံရမှု. အကျော်အစောကို မှီသော ချမ်းသာတို့ကို သာယာခြင်း။ (၁-မှတ်)

ပေါင်းစုကြစုဝေးကြကုန်၍ အပေါင်းအဖော်တို့နှင့် ပေါင်းဆုံသောအားဖြင့် နေထိုင်ခြင်းကို အားထုတ်လျက်နေခြင်း။(၁-မှတ်)

အချင်းချင်း လက်ချောင်းတို့ဖြင့် ထိုးဆွကျီစယ်ခြင်း(ကလိထိုးခြင်း)ဖြင့် ကျယ်လောင်စွာ ရယ်မောခြင်း. မြူးတူးပျော်ပါး ကစားခြင်း။ (၂-မှတ်)

အလိုရှိတိုင်း ဝိုက်ပြည့်အောင် စား၍ အိပ်ခြင်းကြောင့်ဖြစ်သော ချမ်းသာ ဝဲယာနံပါးတို့ကို ပျောင်းလှည့်စောင်းငဲ့ခြင်း ကြောင့်ဖြစ်သော ချမ်းသာ ငိုက်မျဉ်းခြင်းကြောင့်ဖြစ်သော ချမ်းသာတို့ကို အားထုတ်လျက်နေခြင်း။(အံ ၃-၁၅၅/၆) (၂-မှတ်)

၄။ အသက်ထက်ဆုံး အစဉ်လိုက်ကာ မှိဝဲဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်ကို ညွှန်ပြ၍၊ မြင့်မြတ်သော နတ်အပေါင်းသို့ လားရောက်ကြသော နတ်အများ၏ ပြည့်ပြည့်စုံစုံ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုတို့တွင် နောက်ဆုံးငါးခုတို့ကိုသာ ဖော်ပြပါ။

၄။ အသက်ထက်ဆုံး အစဉ်လိုက်ကာ မှိဝဲဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်--

ဤပုဂ္ဂိုလ်သည် မှိဝဲဆည်းကပ်သောသူအား အကုသိုလ်တရားများ ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားများ တိုးပွားကုန်၏ ထို့ပြင် ရဟန်းဖြစ်သူ စဆောင်းထိုက်ကုန်သော အသက်၏ အဆောက်အဦဖြစ်ကုန်သော သက်န်းဆွမ်းကျောင်းဆေး ပစ္စည်းလေးပါးတို့သည် မခက်ခဲသဖြင့် ဖြစ်ပေါ်လာကုန်၏၊ ထို့ပြင် ရဟန်းဘဝသို့ သက်ရောက်ခြင်း၏ ရည်ရွယ်ချက်ဖြစ်သော ရဟန်းတရားဟူသောအကျိုးသည်လည်း ဖြစ်ပွားစေခြင်းကိစ္စ၏ ပြည့်စုံခြင်းသို့ ရောက်၏၊ ဤသို့သောပုဂ္ဂိုလ်သည် အသက်ထက်ဆုံး အစဉ်လိုက်ကာ မှိဝဲဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

(အံ ၃-၁၇၆) (၅-မှတ်)

---

မြင့်မြတ်သောနတ်ပေါင်းသို့ လားရောက်ကြသော နတ်အများ၏ ပြည့်ပြည့်စုံစုံ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုတို့တွင် နောက်ဆုံးငါးခုတို့ကား--

(၁) တရားနာခြင်းဗှာ အနီး၌ထိုင်နေခြင်း၊

(၂) စွင့်ထောင်ထားအပ်သော နားရှိသည်ဖြစ်၍ တရားကို နာယူခြင်း၊

(၃) နာကြားပြီး၍ တရားကို ဆောင်ထားခြင်း၊

(၄) ဆောင်ထားအပ်သော တရားတို့၏ အနက်အဓိပ္ပါယ်ကို စူစမ်းဆင်ခြင်ခြင်း၊

(၅) အနက်ကို သိ၍ ပါဠိကို သိ၍ လောကုတ္တရာတရားအားလျော်သော သီလသမထဝိပဿနာအကျင့်တရားကို ကျင့်ခြင်း။

(အံ ၃-၁၉၄) (၅-မှတ်)

---

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ

## အဋ္ဌက+နဝက+ဒသက+ဧကာဒသကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၅။ ပစ္စည်းဥစ္စာနှမြောမှု မစ္ဆရိယကို အစွဲပြု၍ ဖြစ်ပေါ်လာနိုင်သော တရားအဆက်ဆက်တို့ကို တဏှာမူလကသုတ်လာ အတိုင်း ရေး၍၊ တတိယစျာန်ဖြင့် နေလေ့ရှိသောရဟန်း၏ အနာရောဂါကိုလည်း ဖော်ပြကာ ကိုယ်တိုင်တွေ့မြင်နိုင် သော ကိလေသာချုပ်ငြိမ်းခြင်းသဘောကိုလည်း မုချနည်းဖြင့် ရှင်းလင်းတင်ပြပါ။

၅။ အဖြေ==

ဖြစ်ပေါ်လာနိုင်သော တရား အဆက်ဆက်--

ပစ္စည်းဥစ္စာနှမြောဝန်တိုမှုကို စွဲ၍ စောင့်ရှောက်ထိန်းသိမ်းရခြင်းသည် ဖြစ်ပေါ်လာ၏၊ (၁-မှတ်)

စောင့်ရှောက်ထိန်းသိမ်းရခြင်းဟူသော အကြောင်းကြောင့် ဒုတ်ကို ကိုင်စွဲခြင်းသည်လည်းကောင်း လက်နက်ကို ကိုင်စွဲခြင်းသည်လည်းကောင်း ကိုယ်နှုတ်ထိပါး ခိုက်ရန်ပွားခြင်း ဖောက်ပြန်စွာ ယူခြင်း ဆန့်ကျင်ဘက်ပြောဆိုခြင်း ``သင်နင်`` ဟု ရိုင်းစိုင်းစွာ ပြောဆိုခြင်း ကုန်းတိုက်ခြင်း မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းဟူကုန်သော များစွာကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာကုန်၏၊ (အံ ၃-၂၀၁) (၃-မှတ်)

တတိယဈာန်ဖြင့် နေလေ့ရှိသော ရဟန်း၏ အနာရောဂါ--

ပီတိနှင့်တကွဖြစ်ကုန်သော သညာနှင့်မနသိကာရတို့ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ (အံ ၃-၂၁၄) (၃-မှတ်)

ကိုယ်တိုင်တွေ့မြင်နိုင်သော ကိလေသာချုပ်ငြိမ်းခြင်းသဘော(မုချနည်း)]

ရဟန်းသည် အလုံးစုံသောအချင်းအရာအားဖြင့် နေဝသညာနာသညာယတနစျာန်နှင့် တကွ ထိုစျာန်၏ တတိယာရုပ္ပဝိညာဏ်အာရုံကို လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာနိရောဓသမာပတ်သို့ ရောက်၍ နေ၏၊ ထို့ပြင် ဝိပဿနာပညာ မဂ်ပညာ သစ္စာရတရား သစ္စာလေးပါးတရားတို့ကို ရှုမှတ်သိမြင်ခြင်းကြောင့် အာသဝတရားတို့သည် ကုန်ခမ်းကုန်သည် ဖြစ်ကုန်၏၊ ဤမျှအတိုင်းအရှည်ရှိသော ကိလေသာချုပ်ငြိမ်းခြင်းကြောင့်လည်း မုချအားဖြင့် ကိုယ်တိုင်တွေ့မြင်နိုင်သော ကိလေသာချုပ်ငြိမ်းခြင်းသဘောဟူ၍ ဆိုအပ်၏၊ (အံ ၃-၂၄၆) (၃-မှတ်)

၆။ ဘုရားရှင်၏ အားတော်ဆယ်ပါးတို့တွင် ငါးခုမြောက်, ခြောက်ခုမြောက်အားတော်တို့ကိုသာ ဖော်ပြ၍၊ ကာဠီသုတ်ကို ဟောတော်မူရာဌာနနှင့် ယင်းသုတ်လာဂါထာကို အကျယ်တဝင့်ချဲ့ပြသော ပုဂ္ဂိုလ်ကိုလည်း ညွှန်ပြပါ။

၆။ အဖြေ==

ဘုရားရှင်၏ အားတော်ဆယ်ပါးတို့တွင် ငါးခုမြောက်အားတော်--

သတ္တဝါတို့၏ အမျိုးမျိုးသော အလိုအကြိုက်အဇ္ဈာသယဓာတ်စံရှိကြသည်၏ အဖြစ်ကို ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိသော ဉာဏ်တော်။ (၃-မှတ်)

ခြောက်ခုမြောက်အားတော်--

မြင့်မြတ်သောပဓာနသတ္တဝါတို့၏လည်းကောင်း ထိုပဓာနသတ္တဝါတို့မှ တစ်ပါးသော ယုတ်ညံ့သောသတ္တဝါတို့၏ လည်းကောင်း ဣန္ဒြေတို့၏ တိုးတက်မြင့်မြတ်ကုန် ယုတ်နိမ့်လျော့ကျကုန်သည်၏ အဖြစ်ကို ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိသောဉာဏ်တော်။ (အံ ၃-၂၈၃) (၃-မှတ်)

ကာဠီသုတ်ကို ဟောတော်မူရာဌာနကား- အဝန္တိတိုင်း ကုရရဃရမြို့ ပဝတ္တမည်သောတောင်၊ (၂-မှတ်)

ယင်းသုတ်လာ ဂါထာကို အကျယ်တဝင့်ချဲ့ပြသောပုဂ္ဂိုလ်- အရှင်မဟာကစ္စာန (အံ ၃-၂၉၃) (၂-မှတ်)

---

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## အဋ္ဌက+နဝက+ဒသက+ဧကာဒသကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၇။ အမြတ်အကျင့်, အမြတ်ဆုံးသညာတို့ကို ပဌမကောသလသုတ်လာအတိုင်း ရေး၍၊ သာမဏေကို အလုပ်အကျွေး ထားလိုသော ရဟန်း၌ ပြည့်စုံရမည့်အင်္ဂါတို့တွင် နောက်ဆုံးလေးခုတို့ကိုသာ ဖော်ပြပါ။

၇။ အဖြေ==

အမြတ်ဆုံးအကျင့်- လျင်မြန်သောအသိဉာဏ်ထူးရှိသော လွယ်ကူသောအကျင့်။ (၃-မှတ်)

အမြတ်ဆုံးသညာ- အာကိဉ္စညာယတနရှာန်သညာ။ (အံ ၃-၃၀၆) (၃-မှတ်)

သာမဏေကို အလုပ်အကျွေးထားလိုသော ရဟန်း၌ ပြည့်စုံရမည့် အင်္ဂါတို့တွင် နောက်ဆုံးလေးခုတို့ကား--

ဖြစ်ပေါ်လာသော မိစ္ဆာအယူကို သင့်လျော်သောအကြောင်းဖြင့် ပယ်စွန့်စေခြင်းငှာ စွမ်းနိုင်ခြင်း၊

မြတ်သောသီလ၌ ကောင်းစွာ နာယူကျင့်သုံးစေခြင်းငှာ စွမ်းနိုင်ခြင်း၊

မြတ်သောသမာဓိစိတ်၌ ကောင်းစွာ နာယူကျင့်သုံးစေခြင်းငှာ စွမ်းနိုင်ခြင်း၊

မြတ်သောဝိပဿနာပညာ၌ ကောင်းစွာ နာယူကျင့်သုံးစေခြင်းငှာ စွမ်းနိုင်ခြင်း၊(အံ ၃-၃၁၄) (၆-မှတ်)

၈။ ရောဂါဝေဒနာကို အကြီးအကျယ်ခံစားနေရသော အရှင်ဂိရိမာနန္ဒ၏ ရောဂါကို အမြစ်ပြတ်အောင် ပျောက်ကင်းစေနိုင်သော ဆေးဆယ်မျိုးတို့တွင် သုံးခုမြောက်ဆေးအမည်ကို ညွှန်ပြ၍ ယင်းဆေးကို သုံးစွဲပုံကိုလည်း သမားတော်ညွှန်ကြားချက်အတိုင်း ပြည့်စုံစွာ ဖော်ပြပြီး၊ သဒ္ဓါတရားဖြစ်ခြင်း၏ အနီးဆုံးအကြောင်း/ အနီးဆုံးအကျိုးတို့ကိုလည်းရေးပါ။

၈။ ရောဂါဝေဒနာကို အကြီးအကျယ်ခံစားနေရသော အရှင်ဂိရိမာနန္ဒ၏ ရောဂါကို အမြစ်ပြတ်အောင် ပျောက်ကင်းစေနိုင်သော ဆေးဆယ်မျိုးတို့တွင် သုံးခုမြောက်ဆေးအမည်ကား-

အသုဘသညာ။

ယင်းဆေးသုံးစွဲပုံ--

ရဟန်းသည် ခြေဖဝါးအပြင်မှ အထက်ဆံဖျားတိုင်အောင်သော ဆံဖျားမှ အောက်ခြေဖဝါးတိုင်အောင်သော အရေပါးအဆုံးအပိုင်းအခြားရှိသော အထူးထူးအပြားပြားရှိသော မစင်မကြယ်ရွံစဖွယ်ဖြင့် ပြည့်နက်နေသော ဤခန္ဓာကိုယ်ကောင်ကို ဆင်ခြင်သုံးသပ်၏။ (၂-မှတ်)

အဘယ်သို့ ဆင်ခြင်သုံးသပ်သနည်းဟူမူ `` ဤခန္ဓာကိုယ်၌ ဆံပင်သည် လည်းကောင်း အမွေးသည်လည်းကောင်း လက်သည်း ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အပျဉ်း(သရက်ရွက်)၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ကြီး၊ ကျင်ငယ်သည်လည်းကောင်း ရှိကုန်၏`` ဤသို့ ဤခန္ဓာကိုယ်၌ မတင့်တယ်ဟု အဖန်ဖန်ရှုလျက် နေ၏။ (အံ ၃-၃၄၃) (၄-မှတ်)

သဒ္ဓါတရားဖြစ်ခြင်း၏ အနီးဆုံးအကြောင်း- သူတော်ကောင်းတရားကို နာယူခြင်း။ (၂-မှတ်)

အနီးဆုံးအကျိုး- အသင့်အားဖြင့် နှလုံးသွင်းခြင်း။ (အံ ၃-၃၄၇/၃၄၈) (၂-မှတ်)

၉။ သတ္တလောက၌ နှစ်သက်မြတ်နိုးအပ်သည်ဖြစ်၍ ရနိုင်ခဲသောတရားဆယ်မျိုးတို့တွင် ရှစ်ခုမြောက်တရားနှင့် ယင်းတရားကို မရစေနိုင်သော အနှောင့်အယှက်အဟန့်အတားတို့ကို ဖော်ပြ၍၊ တပည့်တို့အား ဗုဒ္ဓဘုရားရှင် တရားဟောတော်မူရခြင်း၏ ရည်ရွယ်ချက်ကိုလည်း ဥတ္တိယသုတ်နှင့်အညီ ရေးပါ။

၉။ အဖြေ==

သတ္တလောက၌ နှစ်သက်မြတ်နိုးအပ်သည်ဖြစ်၍ ရနိုင်ခဲသော တရားဆယ်မျိုးတွင် ရှစ်ခုမြောက်တရား-

ပညာ။ (၂-မှတ်)

ယင်းတရားကို မရစေနိုင်သော အနှောင့်အယှက်အဟန့်အတား-

မနာကြားလိုခြင်း၊ အနက်အဓိပ္ပါယ်ကို မမေးမြန်း မသင်ယူခြင်း။ (အံ ၃-၃၆၄) (၃-မှတ်)

ဗုဒ္ဓဘုရားရှင် တရားဟောတော်မူခြင်း၏ ရည်ရွယ်ချက်-

သိဖွယ်ဥသုံ အလုံးစုံကို ထူးခြားသော သဗ္ဗညုတဉာဏ်တော်ဖြင့် သိပြီး၍သာလျှင် သတ္တဝါတို့၏ သန့်ရှင်းစင်ကြယ်ခြင်းငှာလည်းကောင်း၊ ဝမ်းနည်းပူဆွေးခြင်း ငိုကြွေးမြည်တမ်းခြင်းတို့ကို ပယ်ရှားကျော်လွှားခြင်းငှာလည်းကောင်း၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲခြင်းတို့၏ ချုပ်ငြိမ်းခြင်းသို့ ရောက်ခြင်းငှာလည်းကောင်း ဝိပဿနာနှင့်တကွသော အရိယမဂ်ကို ရခြင်းငှာလည်းကောင်း၊ အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာလည်းကောင်း၊ တပည့်တို့အား တရားကို ဟောတော်မူပါသည်။ (အံ၃-၄၁၃) (၅-မှတ်)

---

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## အဋ္ဌက+နဝက+ဒသက+ဧကာဒသကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၀။ ပညာရှိဟု အသိအမှတ်ပြုနိုင်ကြောင်း တရားလေးဆယ်တို့တွင် ရှေ့ဆုံးလေးခုတို့ကိုသာ ဖော်ပြ၍၊ အခိုးကိုပြုတတ်သော နွားကျောင်းသားနှင့်တူသော ရဟန်း၏ ဂုဏ်ရည်ကိုလည်းကောင်း၊ ယင်းဂုဏ်ရည်နှင့် ပြည့်စုံခြင်း၏ အကျိုးတရားကိုလည်းကောင်း ဖြေဆိုပါ။

၁၀။ အဖြေ=

ပညာရှိဟု အသိအမှတ်ပြုနိုင်ကြောင်း တရားလေးဆယ်တို့တွင် ရှေ့ဆုံးလေးခုကား-

ကိုယ်တိုင်လည်း သတ္တဝါအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

သူတစ်ပါးကိုလည်း သတ္တဝါအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေခြင်း၊

သတ္တဝါအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ကောင်းစွာ ခွင့်ပြုမှုရှိခြင်း(သဘောတူခြင်း)

သတ္တဝါအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ချီးမွမ်းဖွယ်ဂုဏ်ကို ပြောဆိုခြင်း။ (အံ ၃-၅၁၀/၅၁၂) (၄-မှတ်)

အခိုးကို ပြုတတ်သော နွားကျောင်းသားနှင့်တူသော ရဟန်း၏ ဂုဏ်ရည်ကား--

အကြင်ကြင်နာယူအပ်ပြီးသော အကြင်ကြင်သင်ယူအပ်ပြီးသော တရားကို အကျယ်အားဖြင် သူတပါးတို့အား ဟောကြားခြင်း။ (အံ ၃-၅၅၀)

ယင်းဂုဏ်ရည်နှင့် ပြည့်စုံခြင်း၏ အကျိုးတရားကား--

ဤသာသနာတော်၌ ကြီးပွားခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ခြင်းအကျိုး။ (အံ ၃-၅၅၁) (၃-မှတ်)

၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ

အင်္ဂုတ္တိုရ်ပါဠိတော်(တတိယအုပ်)မေးခွန်းနှင့်အဖြေ

**မေး။ ၁။** အရှင်နန္ဒ၏ မြတ်သောအကျင့်ကို ပြည့်စုံသန့်ရှင်းစွာ ကျင့်နိုင်ကြောင်းတရားတို့ကို ရေး၍ သီဟစစ်သူကြီးကို နှစ်ကြိမ် မြောက် သရဏဂုံတည်စေသော စကားတော်ကိုလည်း ဖော်ပြပါ။

**ဖြေ။ ၁။** အရှင်နန္ဒ၏ မြတ်သောအကျင့်ကို ပြည့်စုံသန့်ရှင်းစွာ ကျင့်နိုင်ကြောင်းတရားများကား

ဣန္ဒြေတို့၌ စောင့်စည်းအပ်သော ဒွါရရှိခြင်း၊

ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း၊

နိုးကြားသူ၏အဖြစ်ကို အဖန်ဖန်အားထုတ်ခြင်း၊

သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်း။ (အံ၊၃။၁၄။) (၆-မှတ်)

သီဟစစ်သူကြီးကို နှစ်ကြိမ် မြောက် သရဏဂုံတည်စေသော စကားတော်ကား

သီဟ သင်သည် ဉာဏ်ဖြင့် နှိုင်းချိန်၍ ပြုသင့်သော အမှုကို ပြုလော့၊ သင့်ကဲ့သို့ ရှုအပ်သော ထင်ရှားသောလူတို့အတွက်ဉာဏ်ဖြင့် နှိုင်းချိန်၍ ပြုခြင်းသည် ကောင်း၏။ (အံ၊၃။၂၉။) (၄-မှတ်)

**မေး။ ၂။** မလသုတ်၌ ဟောတော်မူအပ်သော အညစ်အကြေးတို့တွင် လေးခုမြောက်အညစ်အကြေးကိုသာ ဖော်ပြ၍ ရဟန်းတော် များ သာသနာတော်၌ အလွန်ပျော်မွေ့ရခြင်း၏ အကြောင်းတို့တွင် ခြောက်ခုမြောက်အကြောင်းကိုသာ ရေးပြီး အံ့ဖွယ် များပိုင်ရှင် ရှာသားဥဂ္ဂသူကြွယ်အဖို့ အံ့ဖွယ်မဟုတ်သော ဖြစ်ရပ်တို့တွင် နှစ်ခုမြောက်ဖြစ်ရပ်ကို တင်ပြပါ။

**ဖြေ။ ၂။** မလသုတ်၌ ဟောတော်မူအပ်သော အညစ်အကြေးတို့တွင်

လေးခုမြောက်အညစ်အကြေးကား

မေ့လျော့ခြင်းသည် စီးပွားဥစ္စာထိန်းသိမ်းစောင့်ရှောက်သူ၏ အညစ်အကြေးတည်း။ (အံ၊၃။ ၃၇။) (၃-မှတ်)

ရဟန်းတော်များ သာသနာတော်၌ အလွန်ပျော်မွေ့ရခြင်း၏ အကြောင်းတို့တွင် ခြောက်ခုမြောက်အကြောင်းကား

သာသနာတော်၌ တစ်ခုတည်းသော အရဟတ္တဖိုလ်ဝိမုတ္တိဟူသော အရသာရှိခြင်းဟူသော အံ့ဖွယ်သဘောတရားကိုတွေ့မြင်ရခြင်း။ (အံ၊၃။ ၄၃။) (၃-မှတ်)

အံ့ဖွယ်များပိုင်ရှင် ရှာသားဥဂ္ဂသူကြွယ်အဖို့ အံ့ဖွယ်မဟုတ်သော ဖြစ်ရပ်တို့တွင် နှစ်ခုမြောက်ဖြစ်ရပ်ကား

'သူကြွယ် မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောတော်မူအပ်ပြီ' ဤသို့ နတ်တို့သည် သူကြွယ်ထံသို့ လာရောက်ပြောဆိုကြခြင်း။ (အံ၊၃။ ၅၂။) (၄-မှတ်)

မေး။ ၃။ သူတော်ကောင်းတို့ အစဉ်လိုက်အပ်သော တရားသုံးပါးကို ရေး၍ ရှစ်ပါးသီလအကျိုးကြီးမားပုံကို နာယူခွင့်ရကြသော ပုဂ္ဂိုလ်များကိုလည်း ဖော်ပြပါ။

ဖြေ။ ၃။ <u>သူတော်ကောင်းတို့ အစဉ်လိုက်အပ်သော တရားသုံးပါးကား</u>

ယုံကြည်မှု သဒ္ဓါ၊ ရှက်မှု ဟိရီ၊ ကုသိုလ်ဖြစ်သော ပေးလှူကြောင်း အလောဘ(စေတနာ)။ (အံ၊၃။ ၆၁။) (၄-မှတ်)

<u>ရှစ်ပါးဥပုသ်သီလအကျိုးကြီးမားပုံကို နာယူခွင့်ရ ကြသော ပုဂ္ဂိုလ်များကား</u>

ရဟန်းများ၊ မိဂါရ၏ အမိအရာ၌တည်သော ဝိသာခါ၊ ဝါသေဋ္ဌ ဥပါသကာ၊ ဗောဇ္ဈာ ဥပါသိကာမ။(အံ၊၃။ ၁၁

မေး။ ၄။ ဂေါတမီဝင်္ဂလာ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်၏ ကြည်ညိုဖွယ်ဂုဏ်ရည်တို့တွင် လေးခုမြောက် ဂုဏ်ရည်တို့ကို သုတ်အားလျော်စွာ ဖော်ပြ၍ ဘုရားရှင်၏ အာယုသင်္ခါရလွှတ်တော်မူသော အချိန်အခါနှင့် လွှတ်တော်မူရာအရပ်တို့ကို ဖြေဆိုပါ။

ဖြေ။ ၄။ <u>ဂေါတမီဝင်္ဂလာ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်၏ ကြည်ညိုဖွယ်ဂုဏ်ရည်တို့တွင် လေးခုမြောက်ဂုဏ်ရည်ကား</u>

ပဌမအာဟုနေယျသုတ်အလို - ကောင်းသော မိတ်ဆွေရှိခြင်း၊ ကောင်းသော အဖော်သဟဲရှိခြင်း၊ ကောင်းသောမိတ်ဆွေတို့၌ ညွတ်ကိုင်းရှိုင်းခြင်း။ (အံ၊၃။ ၁၁၄။) (၃-မှတ်)

ဒုတိယအာဟုနေယျသုတ်အလို - တော၌ နေလေ့ရှိသည်ဖြစ်၍ အစွန်အဖျားကျသော အိပ်ယာနေရာကျောင်းနေပုဂ္ဂိုလ် ဖြစ်ခြင်း။ (အံ၊၃။ ၁၁၅။) (၃-မှတ်)

ဘုရားရှင်၏ အာယုသင်္ခါရလွှတ်တော်မူသောအချိန်အခါ ပရိနိဗ္ဗာန်စံတော်မမူမီ ၃-လအလို။ (၂-မှတ်)

လွှတ်တော်မူရာအရပ် စာပါလမည်သော စေတီဘုံနန်းနတ်ကွန်း ( နတ်ကွန်းဝယ် ဆောက်လုပ်အပ်သောကျောင်း) (အံ၊၃။ ၁၃၁။) (၂-မှတ်)

မေး။ ၅။ အကုသိုလ်ကို ပယ်စွန့်ကာ ကုသိုလ်ကို ပွားများနိုင်ရေးအတွက် ပြည့်စုံရမည့်မှီရာတရားငါးပါးတို့ကို ရေး၍ သတ္တာဝါသဘုံကိုးဝတွင် ငါးခုမြောက်ကိုသာ ဖော်ပြပြီးလျှင် ဉာဏ်ဖြင့် ကိုယ်တိုင် သိမြင်နိုင်သော (သန္ဒိဋ္ဌိက) တရားသရုပ်ကို နဝကနိပါတ်လာသည့်အတိုင်း အကျဉ်းချုပ်ရေးပါ။

ဖြေ။ ၅။ အကုသိုလ်ကို ပယ်စွန့်ကာ ကုသိုလ်ကို ပွားများနိုင်ရေးအတွက် ပြည့်စုံရမည့်မှီရာတရားငါးပါး
သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာ။ (အံ၊၃။ ၁၆၅။) (၃-မှတ်)

<u>သတ္တာဝါသ ဘုံကိုးဝတွင် ငါးခုမြောက်</u>
အသညတ်ပြဟ္မာတို့ကဲ့သို့ သညာမရှိကုန်သော အာရုံကို ခံစားမှုမရှိကုန်သော သတ္တဝါအပေါင်း။
(အံ၊၃။ ၂၇၁။) (၃-မှတ်)

<u>ဉာဏ်ဖြင့် ကိုယ်တိုင်သိမြင်နိုင်သော (သန္ဒိဋ္ဌိက) တရားသရုပ် (အကျဉ်းချုပ်)</u>
ရူပဈာန် ၄-ပါး၊ အရူပဈာန် ၄-ပါး၊ နိရောဓသမာပတ်။ (အံ၊၃။ ၂၄၅၊၂၄၆။) (၄-မှတ်)
**(မဟဂ္ဂုတ်သမာပတ်ရှစ်ပါးနှင့် နိရောဓသမာပတ်ဖြေလည်း ပေးရန်။)**

မေး။ ၆။ အင်္ဂါငါးမျိုးတို့ကို ပယ်၍ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်း၌ ငါးခုမြောက်သော ပယ်အင်္ဂါ, ပြည့်စုံအင်္ဂါတို့ကို ဖော်ပြ၍ ရဟန္တာအရိယာတို့၏ စံအိမ်တို့တွင် ငါးခုမြောက်, ခုနစ်ခုမြောက်, တစ်ဆယ်ခုမြောက်စံအိမ်တို့ကိုသာ အကျဉ်းရေးပါ။

ဖြေ။ ၆။ <u>အင်္ဂါငါးမျိုးတို့ကို ပယ်၍ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်း၌ ငါးခုမြောက်သော ပယ်အင်္ဂါ</u>
ဘုရားစသည်တို့၌ ယုံမှားမှု (ဝိစိကိစ္ဆာ) (၂-မှတ်)

ပြည့်စုံအင်္ဂါ ရဟန္တာတို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှုကို သိမြင်သော
ပစ္စဝေက္ခဏာဉာဏ်။
(အံ၊၃။ ၂၆၉။) (၂-မှတ်)
<u>ရဟန္တာအရိယာတို့၏ စံအိမ်တို့တွင်</u>
ငါးခုမြောက် = ပယ်နှုတ်အပ်ပြီးသော တစ်ဦးတည်း တစ်ယူသန်အမှန်ဟု
စွဲကိုင်ထားအပ်သော ဒိဋ္ဌိသစ္စာရှိခြင်း။
ခုနစ်ခုမြောက် = နောက်ကျုကင်းစင် ကြည်လင်သော အကြံအစည်ရှိခြင်း။
တစ်ဆယ်ခုမြောက်စံအိမ် = ကောင်းစွာ လွတ်မြောက်သော ပညာရှိခြင်း။ (အံ၊၃။ ၂၇၈။) (၆-မှတ်)

မေး။ ၇။ ဘုရားရှင်အပေါ်၌ ကောသလမင်းကြီး၏ အလွန်ရှိသေမှုပြပုံကို ရေး၍ 'ဥပါလိ စကားများခြင်း၏ အခြေခံမူလတို့သည် ဆယ်မျိုးတို့တည်း'ဟူသော စကားတော်၌ ခြောက်ခုမြောက်အခြေခံမူလတို့ကို သုတ်အားလျော်စွာ ဖော်ပြပြီးလျှင် သဒ္ဓါတရားဖြင့် သာသနာ့ဘောင်ဝင်ရောက်လာသော ရဟန်းတို့အား မလျော်သော နေထိုင်နည်းကိုလည်း ရှောင်ရှား နိုင်အောင် တင်ပြပါ။

ဖြေ။ ၇။ <u>ကောသလမင်းကြီး၏ ဘုရားရှင်အပေါ်၌ အလွန်ရိုသေမှုပြပုံ</u>

ဘုရားရှင်၏ ခြေတော်တို့၌ ဦးခေါင်းဖြင့် ထိ၍ ဘုရားရှင်၏ ခြေတော်တို့ကို ပါးစပ်ဖြင့်လည်း ငုံ၏ (စုပ်၏)၊ လက်တို့ဖြင့်လည်း ဆုတ်နယ်၏၊
'မြတ်စွာဘုရား တပည့်တော်သည် ပသေနဒိကောသလမင်းပါဘုရား၊ မြတ်စွာဘုရား တပည့်တော်သည် ပသေနဒိ ကောသလမင်းပါဘုရား' ဟူ၍ အမည်ကိုလည်း ကြားသိစေ၏။
(အံ၊၃။ ၃၁၈။) (၃-မှတ်)

'ဥပါလိ စကားများခြင်း၏ အခြေခံမူလတို့သည် ဆယ်မျိုးတို့တည်း'ဟူသော စကားတော်၌ ခြောက် ပထမဝိဝါဒမူလသုတ်အလို -- 'မြတ်စွာဘုရားဟောအပ်မိန့်ဆိုတော်မူအပ်သောတရားကို မြတ်စွာဘုရား မဟောအပ် မိန့်ဆိုတော်မမူအပ်'ဟု ပြခြင်း။ (အံ၊၃။ ၃၁၇။) (၂-မှတ်)

ဒုတိယဝိဝါဒမူလသုတ်အလို -- 'မရှုန့်ရင်းသော အာပတ်ကို ရှုန့်ရင်းသော အာပတ်'ဟု ပြခြင်း။
(အံ၊၃။ ၃၁၈။) (၂-မှတ်)

သဒ္ဓါတရားဖြင့် သာသနာ့ဘောင်ဝင်ရောက်လာသော ရဟန်းတို့အား မလျော်သော နေထိုင်နည်း ဖြစ်သော မိမိတို့ဘက်တွင် တိုင်ပင်ခြင်းရှိကုန်လျက် ဖြစ်သော ခိုက်ရန်ရှိကုန်လျက် ငြင်းခုံခြင်းသို့ ရောက်ကုန်လျက် အချင်းချင်း နှုတ်ချွန်းစကားတည်းဟူသော လှံတို့ဖြင့် ထိုးဆွကုန်လျက် နေထိုင်ကြခြင်း။ (အံ၊၃။ ၃၂၆။) (၃-မှတ်)

**မေး။ ၈။** ဣန္ဒြေကို မစောင့်စည်းမှု၏ (က) အနီးဆုံးဖြစ်သော အကြောင်း (ခ) အကျိုး, (ဂ) အဝေးဆုံး ဖြစ်သော အကြောင်း (ဃ) အကျိုးတို့ကို တဏှာသုတ်မှ ထုတ်နုတ်ဖော်ပြ၍ လူ့လောက၌ နှစ်သက်မြတ်နိုးအပ်၍ ရခဲသောတရားတို့တွင် လေးခုမြောက်တရားနှင့် ယင်းတရား၏ အနှောင့်အယှက်ကို ဖြေဆိုပါ။

ဖြေ။ ၈။ ဣန္ဒြေကို မစောင့်စည်းမှု၏
အနီးဆုံးဖြစ်သော(က) အကြောင်း = သတိမရှိမှု ဆင်ခြင်ဉာဏ်မရှိမှု၊ (၂-မှတ်)
(ခ) အကျိုး = ဒုစရိုက်သုံးပါး။ (၂-မှတ်)
အဝေးဆုံးဖြစ်သော (ဂ) အကြောင်း = သူတော်ကောင်းတို့ကို မမှီဝဲရမှု (မသူတော်တို့ကို မှီဝဲရမှု)၊ (၁-မှတ်)
(ဃ) အကျိုး = ဘဝတဏှာ။ (တဏှာသုတ်အလို) (အံ၊၃။၃၄၈။) (၁-မှတ်)
လူ့လောက၌ နှစ်သက်မြတ်နိုး အပ်၍ ရခဲသောတရားတို့တွင် လေးခုမြောက်တရား = သီလ။
(၂-မှတ်)

ယင်းတရား၏ အနောင့်အယှက် = မိတ်ဆွေယုတ်ရှိမှု။ (အံ၊၃။ ၃၆၄။) (၂-မှတ်)

မေး။ ၉။ မိတ်ဆွေကောင်းရှိလျှင် ပယ်နိုင်သော တရားသုံးပါးကို ရေး၍ ကတ္တီသုတ်လာ ခြောက်ခုမြောက် ဆုတ်ယုတ်ကြောင်း တရားကို ဖော်ပြပြီးလျှင် အရိယာကို ကဲ့ရဲ့လေ့ရှိသူ၏ ခံစားရမည့် ငရဲသက်တမ်းကိုလည်း တိကျစွာ ဖြေဆိုပါ။

ဖြေ။ ၉။ <u>မိတ်ဆွေကောင်းရှိလျှင် ပယ်နိုင်သော တရားသုံးပါး</u>

သဒ္ဓါတရားမရှိမှု၊ အလှူပုဂ္ဂိုလ်ပြောဆိုသောစကားကို မသိမှု၊ ပျင်းရိမှု။ (အံ၊၃။ ၃၇၄။) (၃-မှတ်)

ကတ္တီသုတ်လာ ခြောက်ခုမြောက် ဆုတ်ယုတ်ကြောင်း တရား ပျင်းရိခြင်း။ (အံ၊၃။ ၃၈၃။) (၃-မှတ်)

<u>အရိယာကို ကဲ့ရဲ့လေ့ရှိသူ၏ ခံစားရမည့် ငရဲသက်တမ်း</u>

(နိရဗ္ဗုဒဂဏန်းသင်္ချာတို့၏) တစ်သိန်းနှင့် သုံးဆယ်ခြောက်ခုနှင့် အဗ္ဗုဒ ငါးခု။ (အံ၊၃။ ၃၉၅။) (၄-မှတ်)

မေး။ ၁၀။ ဒသကနိပါတ် စတုတ္ထပဏ္ဏာသက၌ ဟောတော်မူအပ်သော 'ဤမှာဘက်ကမ်း'အမည်တွင်သော တရားတို့တွင် သုံးခုမြောက်, ငါးခုမြောက်, ရှစ်ခုမြောက်တရားတို့ကို ဖော်ပြ၍ ဒသမသုတ္တန်အား အရှင်အာနန္ဒာမိန့်ကြားတော်မူအပ်သော အမြိုက်နိဗ္ဗာန်သို့ ဝင်ရာတံခါးပေါက် တစ်ဆယ့်တစ်ပေါက်တို့တွင် ငါးခုမြောက်, ကိုးခုမြောက်တံခါးပေါက်တို့၏ အမည်တို့ကို ညွှန်ပြပါ။

ဖြေ။ ၁၀။ ဒသကနိပါတ် စတုတ္ထပဏ္ဏာသက၌ ဟောတော်မူအပ်သော

'ဤမှာဖက်ကမ်း'အမည်တွင်သော တရားတို့တွင် သုံးခုမြောက် = ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ (၂-မှတ်)

ငါးခုမြောက် = ကုန်းတိုက်စကား၊ (၂-မှတ်)

ရှစ်ခုမြောက်တရား = (သူတစ်ပါးစည်းစိမ်ကို) ရှေ့ရှုကြံစည်မှု၊ (၂-မှတ်)

ဒသမသုတ္တန်အား အရှင်အာနန္ဒာမိန့်ကြားတော်မူအပ် သော အမြိုက်နိဗ္ဗာန်သို့ ဝင်ရာတံခါးပေါက် တစ်ဆယ့်တစ်ပေါက်တို့တွင် ငါးခုမြောက် = မေတ္တာ ဗြဟ္မဝိဟာရ။ (အံ၊၃။ ၅၄၄။) (၂-မှတ်)

ကိုးခုမြောက်တံခါးပေါက်တို့၏ အမည် = အာကာသာနဉ္စာယတနစျာန်။ (အံ၊၃။ ၅၄၅။) (၂-မှတ်)

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ

## အဋ္ဌက နဝက ဒသက ဧကာဒသကနိပါတပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၉ - ရက်၊ (၂၂ - ၆ - ၂၀၂၂) ဗုဒ္ဓဟူးနေ့

ခွင့်ပြုချိန်။ ။ ၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ "ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူတည်း"ဟု ဘုရားရှင် ဟောတော်မူရခြင်း၏ နောက်ဆုံး အကြောင်း ၂-မျိုးကို ရေး၍၊ ဘုရားရှင်သာသနာတော်မှ နှင်ထုတ်ထိုက်သော ရဟန်း၏ အမူအကျင့်တို့ကို ဖော်ပြပြီး၊ အာပတ်သင့်ပါလျက် ရဟန်းကောင်းယောင် ဟန်ဆောင်ကောင်းသော ရဟန်းသည် အဘယ်သို့သော ရဟန်းမျိုး ဖြစ်ပါသနည်း? ဖြေဆိုပါ။

၂။ ယောကျ်ား၏ (ရဟန်း၏) အပြစ် ၈-မျိုးတို့တွင် အလယ် ၂-မျိုးကို ဖော်ပြ၍၊ ဓမ္မဝိနယ=သာသနာတော်၌ ရှိနေသော ရတနာတို့ကို ထုတ်ပြပြီး၊ သံဃာကို ပြုစုလုပ်ကျွေးရာ၌ ဟတ္ထိဂ္ဂါမသား ဥဂ္ဂသူကြွယ်၏ အတုယူဖွယ် စိတ်ထားကိုလည်း ဖြေဆိုပါ။

၃။ မျှတစွာ အသက်မွေးမှု (သမဇီဝိတာ)၏ အဓိပ္ပါယ်ကို ရေး၍၊ စတုတ္ထ, ပဥ္စမ အဘိဘာယတနစျာန်နှင့် တတိယ ဝိမောက္ခတို့ကိုလည်း ဖော်ပြပါ။

၄။ အာသဝေါတရား ကုန်ခန်းရန် ထက်သန်စွာ မရဏဿတိကို ပွားများသော ရဟန်းတို့ကို ဖော်ပြ၍၊ "လေးပုဒ်တို့ဖြင့် အလုံးစုံ ပြည့်စုံသော စင်ကြယ်သော အကျင့်မြတ်ကို ပြတော်မူ၍"ဟူသော စကားရပ်၌ လေးပုဒ်သရုပ်ကို ထုတ်ပြပြီး၊ "ဤခန္ဓာကိုယ်၌ ငြီးငွေ့ကြကုန်လော့"ဟု ဘုရားရှင် တိုက်တွန်းတော်မူခြင်း၏ အကြောင်းကိုလည်း ဖြေဆိုပါ။

၅။ ရူပဈာန်ချမ်းသာကို ရသော ရဟန်း၏ (ဆင်းရဲဒုက္ခကို ဖြစ်စေနိုင်သော) အနာရောဂါတို့ကို ဖော်ပြ၍၊ အရဟတ္တဖိုလ်အကျိုးရှိသော သမာဓိ၏ ဂုဏ်ရည်တို့ကိုလည်း ကုန်စင်အောင် ထုတ်ပြပါ။

၆။ စိတ်၏ ငြောင့်တံသင်း ၅-မျိုးကို ဖော်ပြ၍၊ သီလရှိသူ, နှစ်သက်သော စိတ်ရှိသူ, ချမ်းသာသူ, ဟုတ်တိုင်းမှန်စွာ သိမြင်သူတို့အား အလိုအလျောက် ဖြစ်ပေါ်လာသော ထုံးတမ်းစဉ်လာ ဓမ္မတာသဘောတရားတို့ကိုလည်း ဖြေဆိုပါ။

၇။ စိတ်၏ ငြောင့်တံသင်း ၅-မျိုးကို ပယ်ပြီးသူတိုင်း ရနိုင်သော အကျိုးတရားကို ဖော်ပြ၍၊ လဆုတ်ပက္ခ၌ လ၏ ဆုတ်ယုတ်သွားသော အရာတို့ကို ပြဆိုပြီး၊ လက်အုပ်ချီမိုး ရှိခိုးထိုက်သော ပုဂ္ဂိုလ်တို့တွင် နောက်ဆုံးပုဂ္ဂိုလ် ၄-ယောက်ကိုသာ ဒသကနိပါတ် အာဟုနေယျသုတ်လာအတိုင်း ဖြေဆိုပါ။

၈။ သူဆင်းရဲသာဖြစ်ပါလျက် ကြွယ်ဝ၏ဟူသော စကားကို ပြောဆိုသော ယောကျ်ားနှင့်တူသော ရဟန်းမျိုးကို ပြောဆိုပုံနှင့်တကွ ဖော်ပြ၍၊ အာဘဿရာဗြဟ္မာတို့၏ သဘောသဘာဝကိုလည်း ဖြေဆိုပါ။

၉။ အနှစ်တရာပတ်လုံး ချမ်းသာစစ်ကို ခံစားလျက် နေနိုင်သူကို အကြောင်းနှင့်တကွ ဖြေဆို၍၊ ခန္ဓာကိုယ်၌ တည်သော တရား ၁၀-မျိုးတို့တွင် နောက်ဆုံး ၅-မျိုးကိုသာ ဖော်ပြပါ။

၁၀။ အဓိမာနသုတ်လာ ဆုတ်ယုတ်ကြောင်းတရားတို့တွင် နောက်ဆုံး ၂-ပါးကိုသာ ဖော်ပြ၍၊ နှင်တံ(ကြိမ်လုံး)၏ (အာဇာနည်မြင်းထံ) လွှမ်းမိုးကျရောက်လာခြင်းနှင့်တူသော သဘောတရားများကို ပြဆိုပြီး၊ ၉-ခုမြောက် သဒ္ဓါတရားရှိသူ၏ အမှတ်လက္ခဏာကိုလည်း ဖြေဆိုပါ။

**တစ်ပုဒ်လျှင် (၁၀)မှတ်စီ**

**၁၃၈၄၊ ၂၀၂၂ ခုနှစ်**
**ပိဋကသုံးပုံပါဠိတော် မြန်မာပြန် စာမေးပွဲ**
**အုပ်စု(၅) အင်္ဂုတ္တရ နဝက ဒသက ကောဒသကနိပါတပါဠိတော်မေးခွန်း အဖြေ**

-----------------------------

၁။ "ဒေဝဒတ်သည် အပါယ်သို့ ကျရမည့်သူတည်း"ဟု ဘုရားရှင် ဟောတော်မူရခြင်း၏ နောက်ဆုံး အကြောင်း ၂-မျိုး-
(၁) ယုတ်ညံ့သောအလို နှိပ်စက်လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသောကြောင့်။
(၂) ယုတ်မာသော အဆွေခင်ပွန်းရှိမှုသည် နှိပ်စက်လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသောကြောင့် ဖြစ်ပါသည်။ (အံ၊၃။၁၀။ အံ၊မြန်၊၃။၁၁။ (၄-မှတ်)
ဘုရားရှင်သာသနာတော်မှ နှင်ထုတ်ထိုက်သော ရဟန်း၏ အမူအကျင့်တို့ကား-
ရဟန်းတို့က အာပတ်ဖြင့် စွပ်စွဲအပ်သည်ရှိသော် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်း၏၊ အပြင်အပစကားကို ထည့်သွင်း၏၊ အမျက်ထွက်ခြင်းကိုငင်း စိတ်ဆိုးခြင်းကိုငင်း မနှစ်သက်ခြင်းကိုငင်း ထင်စွာ ပြု၏။ (အံ၊၃။၁၆။ အံ၊မြန်၊၃။၁၇။) (၃-မှတ်)
အာပတ်သင့်ပါလျက် ရဟန်းကောင်းယောင် ဟန်ဆောင်ကောင်းသော ရဟန်းသည်-
သမဏဒူသီ = ရဟန်းတို့ကို ဖျက်ဆီးသူ။ သမဏပလာပ = ရဟန်းအဖျင်း။ သမဏကာရဏ္ဍဝ = ရဟန်း အမှိုက် ရဟန်းမျိုး ဖြစ်ပါသည်။ (အံ၊၃။၁၆။ အံ၊မြန်၊၃။၁၇။) (၃-မှတ်)

-----------------------------------------------------------------------------------------------
--

၂။ ယောက်ျား၏ (ရဟန်း၏) အပြစ် ၈-မျိုးတို့တွင် အလယ် ၂-မျိုး-
- ရဟန်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် တပါးသော အကြောင်းဖြင့် တပါးသော အကြောင်းကို ဖုံးလွှမ်းခြင်း၊ အပြင်အပစကားကို ထည့်သွင်းခြင်း၊ အမျက်ထွက်ခြင်းကိုငင်း စိတ်ဆိုးခြင်း ကိုငင်း မနှစ်သက်ခြင်းကိုငင်း ထင်စွာ ပြုခြင်းဟူသော အပြစ်။ (၂-မှတ်)
- ရဟန်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် သံဃာ့အလယ်၌ လက်မောင်းဆန့်တန်းခြင်း ဟူသော အပြစ်တို့ ဖြစ်ပါသည်။ (အံ၊၃။၃၅။ အံ၊မြန်၊၃။၃၆။) (၂-မှတ်)
ဓမ္မဝိနယ=သာသနာတော်၌ ရှိနေသော ရတနာတို့ကား-
သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ် (မဂ္ဂင် ရှစ်ပါး)တို့ ဖြစ်ပါသည်။ (အံ၊၃။၄၃။) (၃-မှတ်)
သံဃာကို ပြုစုလုပ်ကျွေးရာ၌ ဟတ္ထိဂ္ဂာမသား ဥဂ္ဂသူကြွယ်၏ အတုယူဖွယ် စိတ်ထား-
ဟတ္ထိဂ္ဂာမသား ဥဂ္ဂသူကြွယ်သည် သံဃာကို ပြုစုလုပ်ကျွေးသည်ရှိသော် "ဤမည်သော ပုဂ္ဂိုလ်အားမူ အနည်းငယ် ပေးလှူအံ့၊ ဤမည်သော ပုဂ္ဂိုလ်အားမူ များစွာ ပေးလှူအံ့"ဟု စိတ် မဖြစ်ဘဲ မျှတသော စိတ်ရှိသည်ဖြစ်၍သာလျှင် ပေးလှူပါသည်။ (အံ၊၃။၅၂။ အံ၊မြန်၊၃။၅၂။) (၃-မှတ်)

-----------------------------------------------------------------------------------------------

၃။ <u>မျှတစွာ အသက်မွေးမှု (သမဇီဝိတာ)၏ အဓိပ္ပါယ်-</u>

စည်းစိမ်ဥစ္စာတို့၏ တိုးပွားမှု (ဝင်ငွေ)ကိုငင်း ဆုတ်ယုတ်မှု (ထွက်ငွေ)ကိုငင်း သိ၍ ("ဤသို့ သုံးစွဲသော် ငါ၏ တိုးပွားမှု (ဝင်ငွေ)သည် ဆုတ်ယုတ်မှု (ထွက်ငွေ)ထက် များလိမ့်မည်၊ ငါ၏ ဆုတ်ယုတ်မှု (ထွက်ငွေ)သည် တိုးပွားမှု (ဝင်ငွေ)ထက် များလိမ့်မည်မဟုတ်"ဟု ချင့်ချိန်စဉ်းစား၍) ထွက်ငွေက အလွန်မများရလေအောင် ဝင်ငွေက အလွန်ယုတ်လျော့မသွားရလေအောင် မျှတစွာ သုံးစွဲကာ အသက်မွေးခြင်း ဖြစ်ပါသည်။ (အံ၊၃။၁၀၈။ အံ၊မြန်၊၃။၁၀၈။) (၄-မှတ်)

<u>စတုတ္ထအဘိဘာယတနစျာန်-</u> အဇ္ဈတ္တကသိုဏ်းရုပ်၌ ရူမှတ်စီးဖြန်းမှု ပရိကမ်မပြုမူ၍ အပ္ပမာဏ သုဝဏ္ဏ ဒုဗ္ဗဏ္ဏဖြစ်သော ဗဟိဒ္ဓကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်လာအောင် ဖိစီးလွှမ်းမိုးရှုခြင်းကြောင့် ဖြစ်ပေါ်လာသော အပ္ပနာစျာန် ဖြစ်ပါသည်။ (၂-မှတ်)

<u>ပဉ္စမအဘိဘာယတနစျာန်-</u> အဇ္ဈတ္တကသိုဏ်းရုပ်၌ ရူမှတ်စီးဖြန်းမှု ပရိကမ်မပြုမူ၍ နီလ နီလဝဏ္ဏ နီလနိဒဿန နီလနိဘာဖြစ်သော ဗဟိဒ္ဓကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်လာအောင် ဖိစီးလွှမ်းမိုးရှုခြင်းကြောင့် ဖြစ်ပေါ်လာသော အပ္ပနာစျာန် ဖြစ်ပါသည်။(၂-မှတ်)(အံ၊၃။၁၂၆။အံ၊သျှ၊၄။၅၆၃။)

<u>တတိယဝိမောက္ခ-</u> သုဘဟု နှလုံးသွင်းနေသူဟု ဆိုရလောက်အောင် အလွန်သန့်ရှင်းစင်ကြယ်တင့်တယ်သော အဆင်းရောင်ကသိုဏ်းရုပ်တို့၌ ရူမှတ်စီးဖြန်း၍ ဖြစ်စေအပ်သော ရူပစျာန်လေးပါး ဖြစ်ပါသည်။ (၂-မှတ်) (အံ၊၃။၁၂၆။ အံ၊သျှ၊၄။၅၆၅။)

---

--

၄။ <u>အာသဝေါတရား ကုန်ခန်းရန် ထက်သန်စွာ မရဏဿတိကို ပွားများသော ရဟန်းတို့ကား-</u>

(၁) "ငါသည် ဆွမ်းတလုတ် ဝါးမျိုနေချိန်အတွင်းမျှ အသက်ရှင်ပါမူ ကောင်းလေစွ"ဟု မိမိ အသက်ရှည်ချိန်ကို ဆွမ်းတလုတ်စားကာလမျှ ပိုင်းဖြတ်၍ မရဏဿတိပွားများသော ရဟန်း။ (၂-မှတ်)

(၂) "ငါသည် ဝင်သက်ရှူ၍ ထွက်သက်ထုတ်ရုံ ထွက်သက်ထုတ်၍ ဝင်သက်ရှူရုံအတွင်းမျှ အသက်ရှင်ပါမူ ကောင်းလေစွ"ဟု မိမိ အသက်ရှည်ချိန်ကို တကြိမ်တခါအသက်ရှူရှိုက်ကာလမျှ ပိုင်းဖြတ်၍ မရဏဿတိပွားများသော ရဟန်းတို့ ဖြစ်ပါသည်။ (၂-မှတ်)(အံ၊၃။၁၃၈။ အံ၊သျှ၊၄။၅၉၉။ အံ၊မြန်၊၃။၁၃၉။)

<u>"လေးပုဒ်တို့ဖြင့် အလုံးစုံ ပြည့်စုံသော စင်ကြယ်သော အကျင့်မြတ်ကို ပြတော်မူ၍"ဟူသော စကားရပ်၌ လေးပုဒ်သရုပ်-</u> သဒ္ဓါ, သီလ, အဇ္ဈတ္တစေတောသမာဓိ, အဓိပညာဓမ္မဝိပဿနာ-တို့ ဖြစ်ပါသည်။ (အံ၊၃။၁၇၁။ အံ၊သျှ၊၅။၃၃။ အံ၊မြန်၊၃။၁၇၃။) (၄-မှတ်)

<u>"ဤခန္ဓာကိုယ်၌ ငြီးငွေ့ကြကုန်လော့"ဟု ဘုရားရှင် တိုက်တွန်းတော်မူခြင်း၏ အကြောင်း-</u>

ဤခန္ဓာကိုယ်သည် မစင်မကြယ် ရွံစဖွယ်သာလျှင် ယိုစီးဖြစ်ပွားနေသည်၏အဖြစ်ကြောင့် ဖြစ်ပါသည်။ (အံ၊၃။၁၉၁။ အံ၊သျှ၊၅။၈၄။) (၂-မှတ်)

---

၅။ ရူပဈာန်ချမ်းသာကို ရသော ရဟန်း၏ (ဆင်းရဲဒုက္ခကို ဖြစ်စေနိုင်သော) အနာရောဂါများ-

<u>ပဌမဈာန်ချမ်းသာကို ရသော ရဟန်း၏ အနာရောဂါကား-</u> ကာမနှင့်တကွဖြစ်သော မှတ်သားမှု နှလုံးသွင်းမှုတို့ (ကာမသဟဂတ သညာမနသိကာရ) ဖြစ်ပေါ်လာခြင်းတည်း။

<u>ဒုတိယဈာန်ချမ်းသာကို ရသော ရဟန်း၏ အနာရောဂါကား-</u> ကြံစည်မှု 'ဝိတက်'နှင့်တကွဖြစ်သော မှတ်သားမှု နှလုံးသွင်းမှုတို့ (ဝိတက္ကသဟဂတ သညာမနသိကာရ) ဖြစ်ပေါ်လာခြင်းတည်း။

<u>တတိယဈာန်ချမ်းသာကို ရသော ရဟန်း၏ အနာရောဂါကား-</u> နှစ်သိမ့်မှု 'ပီတိ'နှင့်တကွဖြစ်သော မှတ်သားမှု နှလုံးသွင်းမှုတို့ (ပီတိသဟဂတ သညာမနသိကာရ) ဖြစ်ပေါ်လာခြင်းတည်း။

<u>စတုတ္ထဈာန်ချမ်းသာကို ရသော ရဟန်း၏ အနာရောဂါကား-</u> လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့်တကွဖြစ်သော မှတ်သားမှု နှလုံးသွင်းမှုတို့ (ဥပေက္ခာသဟဂတ သညာမနသိကာရ) ဖြစ်ပေါ်လာခြင်းတည်း။ (အံ၊၃။ ၂၁၃-၄။ အံ၊သျှ၊၅။၁၅၆-၇-၈-၉။ အံ၊မြန်၊၃။ ၂၁၄-၅။) (၄-မှတ်)

<u>အရဟတ္တဖိုလ်အကျိုးရှိသော သမာဓိ၏ ဂုဏ်ရည်များ-</u>

၁။ (ရာဂသို့ လိုက်သောအားဖြင့်) မတိမ်းညွတ်ခြင်း (ရာဂကြောင့် အာရုံသို့ မညွတ်ကိုင်းခြင်း)။

၂။ (ဒေါသသို့ လိုက်သောအားဖြင့်) မစွန့်ခွါခြင်း (ဒေါသကြောင့် အာရုံမှ မခွဲခွါသွားခြင်း)။

၃။ ပြုပြင်မှုဖြင့် ဖိနှိပ်တားမြစ်၍ မတည်ခြင်း (ကိလေသာတို့ကို လုံ့လစိုက်ထုတ်ရခြင်းနှင့်တကွ နှိပ်ကွပ်တားဆီး၍ ဖြစ်ပေါ်လာရသည်မဟုတ်ခြင်း)။

၄။ (ကိလေသာတို့မှ) လွတ်မြောက်သောကြောင့် (ခိုင်မြဲမတ်မတ် ရပ်)တည်နေခြင်း။

၅။ (ခိုင်မြဲမတ်တ် ရပ်)တည်နေသောကြောင့် လွန်စွာနှစ်သက်ကျေနပ် (ရောင့်ရဲ)ခြင်း။

၆။ လွန်စွာနှစ်သက်ကျေနပ် (ရောင့်ရဲ)ခြင်းကြောင့် မထိတ်လန့် မတုန်လှုပ် (မတောင့်တ)ခြင်း-တို့ ဖြစ်ပါသည်။ (အံ၊၃။ ၂၂၅။ အံ၊သျှ၊၅။၁၉၀။ အံ၊မြန်၊၃။ ၂၂၅။) (၆-မှတ်)

---

--

၆။ <u>စိတ်၏ ငြောင့်တံသင်း ၅-မျိုး-</u>

၁။ ဘုရား၌ ယုံမှား (တွေးတော, မဆုံးဖြတ်နိုင်, မယုံကြည်နိုင်) ခြင်း။

၂။ တရားတော်၌ ယုံမှား ( . . . . ) ခြင်း။ ၃။ သံဃာတော်၌ ယုံမှား ( . . . . ) ခြင်း။

၄။ အကျင့်သိက္ခာ၌ ယုံမှား ( . . . . ) ခြင်း။ ၅။ သီတင်းသုံးဖော်တို့၌ အမျက်ထွက် (မနှစ်သက်သောစိတ်, ထိပါးသောစိတ်ရှိ, ငြောင့်တံသင်းသဖွယ်ဖြစ်)ခြင်း-တို့ ဖြစ်ပါသည်။

(အံ၊၃။ ၂၅၂။ အံ၊မြန်၊၃။ ၂၅၂။) (၅-မှတ်)

<u>အလိုအလျောက် ဖြစ်ပေါ်လာသော ထုံးထမ်းစဉ်လာ ဓမ္မတာသဘောတရားများ-</u>

သီလရှိသူအား စိတ်နှလုံးကြည်သာ ရွှင်လန်းမှု ဖြစ်ပေါ်လာခြင်း။

နှစ်သက်သောစိတ်ရှိသူအား ကိုယ်ငြိမ်းချမ်းမှု ဖြစ်ပေါ်လာခြင်း။

ချမ်းသာသူအား စိတ်တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းမွန်တည်ငြိမ်စွာ ထားနိုင်မှု) ဖြစ်ပေါ်လာခြင်း။

ဟုတ်တိုင်းမှန်စွာ သိမြင်သူအား ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှု (သင်္ခါရတရားတို့၌ ငြီးငွေ့မှုနှင့် မတပ်မက်မှု) ဖြစ်ပေါ်လာခြင်း-တို့ ဖြစ်ပါသည်။ (အံ၊၃။ ၂၅၈-၉။ အံ၊မြန်၊၃။ ၂၅၉။ အံ၊သျှ၊၅။ ၂၆၉၊ ၂၇၀။) (၅-မှတ်)

---

၇။ စိတ်၏ ငြောင့်တံသင်း ၅-မျိုးကို ပယ်ပြီးသူတိုင်း ရနိုင်သော အကျိုးတရားကား-
ရောက်လာသော ညဥ့် နေ့ရှိသမျှ ကုသိုလ်တရားတို့၌ တိုးပွားမှုကိုသာ အလိုရှိအပ်၍ ဆုတ်ယုတ်မှု မဖြစ်နိုင်ခြင်း ဖြစ်ပါသည်။ (အံ၊၃။၂၇၁။ အံ၊မြန်၊၃။၂၇၃။) (၂-မှတ်)
လဆုတ်ပက္ခ၌ လ၏ ဆုတ်ယုတ်သွားသော အရာများ-
၁။ အဆင်း, ၂။ အဝန်းအဝိုင်း, ၃။ အရောင်, ၄။ လုံးယပ် (အရှည်အပြန့်/အရှည်အလျားနှင့် အကျယ်အပြန့် လုံးပတ်)တို့ ဖြစ်ပါသည်။ (အံ၊၃။၂၇၁။ အံ၊မြန်၊၃။၂၇၂။ အံ၊သျှ၊၅။၂၉၁။) (၄-မှတ်)
လက်အုပ်ချီမိုး ရှိခိုးထိုက်သော ပုဂ္ဂိုလ်တို့တွင် နောက်ဆုံးပုဂ္ဂိုလ် ၄-ယောက်-
(၁) သဒ္ဓါဖြင့် လွတ်မြောက်သူ ‘သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်’။ (၂) သဒ္ဓါသို့ အစဉ်လိုက်သူ ‘သဒ္ဓါနုသာရီပုဂ္ဂိုလ်’။ (၃) ပညာတရားသို့ အစဉ်လိုက်သူ ‘ဓမ္မာနုသာရီပုဂ္ဂိုလ်’။ (၄) ဂေါတြဘူဉာဏ်နှင့် ပြည့်စုံသူ ‘ဂေါတြဘူ ပုဂ္ဂိုလ်’ တို့ ဖြစ်ပါသည်။ (အံ၊၃။၂၇၄။ အံ၊မြန်၊၃။၂၇၅။) (၄-မှတ်)

---

၈။ သူဆင်းရဲသာဖြစ်ပါလျက် ကြွယ်ဝ၏ဟူသော စကားကို ပြောဆိုသော ယောက်ျားနှင့်တူသော ရဟန်း
ဉာဏဝါဒကိုငင်း ဘာဝနာဝါဒကိုငင်း ပြောဆိုသော ရဟန်း ဖြစ်ပါသည်။ (၂-မှတ်)
ပြောဆိုပုံ- “ဤတရားကို ငါသိ၏၊ ဤတရားကို ငါမြင်၏၊ ငါသည် ကာယကို ပွားပြီးဖြစ်၏၊ သီလကို ပွားပြီးဖြစ်၏၊ စိတ်(သမာဓိ)ကို ပွားပြီးဖြစ်၏၊ ပညာကို ပွားပြီးဖြစ်၏”။ (အံ၊၃။၂၉၁။ အံ၊မြန်၊၃။၂၉၁။) (၃-မှတ်)
အာဘဿရာဗြဟ္မာတို့၏ သဘောသဘာဝ-
အာဘဿရာဗြဟ္မာတို့သည် ထိုအာဘဿရာဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်ကုန်၏၊ ပီတိလျှင် အစာရှိကုန်၏၊ မိမိတို့ ကိုယ်ရောင်ဖြင့် လင်းလျက်ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သော နေရာရှိကုန်၏၊ ကြာမြင့်စွာသောကာလပတ်လုံး တည်ကုန်၏။ (၅-မှတ်)
(အံ၊၃။၃၀၃။ အံ၊မြန်၊၃။၃၀၂။)

---

--

၉။ အနှစ်တရာပတ်လုံး ချမ်းသာစစ်ကို ခံစားလျက် နေနိုင်သူ-
သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, မချွတ်ဧကန် သောတာပန်ပုဂ္ဂိုလ် တစ်ဦးဦး ဖြစ်ပါသည်။ (၂)
အကြောင်းကား-
မမေ့မလျော့ ပြင်းစွာအားထုတ်လျက် စိတ်ကို နိဗ္ဗာန်သို့ စေလွှတ်ကာ နေ၍ ဘုရားအဆုံးအမအတိုင်း ကျင့်သောကြောင့် ဖြစ်ပါသည်။ (အံ၊၃။၃၂၂။ အံ၊မြန်၊၃။၃၂၂။) (၃-မှတ်)
ခန္ဓာကိုယ်၌ တည်သော တရား ၁၀-မျိုးတို့တွင် နောက်ဆုံး ၅-မျိုး-
၁။ ကျင်ငယ်, ၂။ ကိုယ်ကို စောင့်စည်းမှု, ၃။ နှုတ်ကို စောင့်စည်းမှု,
၄။ အသက်မွေးခြင်းကို စောင့်စည်းမှု, ၅။ နောက်ထပ် ဘဝသစ်ကို ဖြစ်စေတတ်သော ဘဝကို ပြုပြင်တတ်သောကံ-တို့ ဖြစ်ပါသည်။ (အံ၊၃။၃၂၅။ အံ၊မြန်၊၃။၃၂၄-၅။) (၅-မှတ်)

---

၁၀။ အဓိမာနသုတ်လာ ဆုတ်ယုတ်ကြောင်းတရားတို့တွင် နောက်ဆုံး ၂-ပါး-

- အပေါင်းအဖော်တို့၌ မွေ့လျော်ခြင်း။ (၂-မှတ်)
- (အထက်၌ ပြုဖွယ်ကိစ္စရှိသေးလျက် အနည်းငယ်မျှ တရားထူးကို ရခြင်းဖြင့်) အကြား၌ ဆုတ်နစ်ခြင်းသို့ ရောက်ခြင်း-တို့ ဖြစ်ပါသည်။ (၂-မှတ်) (အံ၊၃။၃၈၈။ အံ၊မြန်၊၃။၃၈၃။)


နှင်တံ(ကြိမ်လုံး)၏ (အာဇာနည်မြင်းထံ) လွှမ်းမိုးကျရောက်လာခြင်းနှင့်တူသော သဘောတရားများ-

၁။ ကြွေးမြီ, ၂။ အနှောင်အဖွဲ့, ၃။ ပစ္စည်းဥစ္စာဆုံးရှုံးခြင်း, ၄။ ကြီးမားသော အပြစ်-တို့ ဖြစ်ပါသည်။ (အံ၊၃။၅၂၇။ အံ၊မြန်၊၃။၅၁၅။) (၄-မှတ်)

၉-ခု မြောက် သဒ္ဓါတရားရှိသူ၏ အမှတ်လက္ခဏာ-

များပြားသော ရှေး၌ နေဘူးသော ခန္ဓာအစဉ် (ပုဗ္ဗေနိဝါသ)ကို အောက်မေ့နိုင်ခြင်း ဖြစ်ပါသည်။ (အံ၊၃။၅၄၀။ အံ၊မြန်၊၃။၅၂၇။) (၂-မှတ်)

---


ShweNote
“
ပညာဆိုတာ
ခေတ်တစ်ခေတ်
လင်းလက်ဖို့အတွက်
အကောင်းဆုံး လောင်စာပဲ။
Nelson Mandela
သင့်ဖုန်းထဲက ဒီဂျစ်တယ်စာကြည့်တိုက်